# ကြေးမုံ

# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 August 2022 ၁၀၈၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅

**လူ့အဖွဲ့အစည်းအကျိုး၊ မိမိအကျိုး မျှတစွာစဉ်းစား**

ဆောင်းပါး စာမျက်နှာ » ၆

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၁ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

မျိုးဆက်သစ်မျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာသံရုံးမှ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် သင်တန်းသားများနှင့်တွေ့ဆုံ၊ အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်သို့ သွားရောက်လေ့လာ


နေပြည်တော် ဩဂုတ် ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် သင်တန်းသားများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းအပေါ် မူပိုင်ခွင့်ချိုးဖောက်၍ တရားစွဲဆို**

စာမျက်နှာ » ၁၃




**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးနည်းစနစ် အကွာပိုးနစ် (Aquaponic)**

ဆောင်းပါး စာမျက်နှာ » ၁၈

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## စစ်တောင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်မျိုးများစိုက်ထည့်

**ထန်းတပင် ဩဂုတ် ၂၇**

ငါးလုပ်ငန်းဦးစီးဌာနက ငါးထုတ်လုပ်မှုနှင့် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သားစဉ်မြေးဆက် ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်စေရန်နှင့် ရေလုပ်သားများ၏ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၇၀၀၀၀ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့အဝင်စစ်တောင်းတံတားထိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထန်းတပင်မြို့စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ရေလုပ်သားများလက်ဝယ်သို့ ငါးသားပေါက်မျိုးများ ဖြန့်ဖြူးပေးအပ်ပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ စုစုပေါင်း ၃၇၀၀၀၀ ကို စစ်တောင်းမြစ်အတွင်းသို့ စုပေါင်းကာ ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကြေးမုံ

# အသိပညာဗဟုသုတတိုးပွားရေးကြိုးပမ်း

ဘဝကို ကြည်လင်လာအောင် ပညာဖြင့် တိုက်ချွတ်ဆေးကြောပေးရသည်။ ဘဝကို တောက်ပြောင်လာအောင် ပညာဖြင့် ထွန်းလင်းပေးရသည်။ ဘဝကို မြင့်မားလာအောင် ပညာဖြင့် မြှင့်တင်ပေးရသည်။ အသိဉာဏ်ပညာ ဗဟုသုတကြွယ်ဝခြင်းသည် အရာရာကိုဖန်တီးနိုင်စွမ်းရှိသည့် စွမ်းအားသတ္တိများရှိသည်။ အသိဉာဏ်ပညာကို ကျောင်းပညာ၌သာမက အခြားသိမှတ်ဖွယ်ရာ ဗဟုသုတများကို လေ့လာမှတ်သားခြင်းဖြင့် ရရှိနိုင်သည်။

ပညာမှရရှိသောအကျိုးတရားများမှာ ကြီးမားလှသဖြင့် ပညာသင်ကြားရေးကို ပညာရေးဌာန၊ ဗဟုသုတတိုးပွားရေးကို စာပေထုတ်ဝေရေးဌာနများမှ ဆောင်ရွက်ပေးနေကြသည်။ အသိဉာဏ်ပညာ ဆင်ခြင်တုံတရား မြင့်မားသူသည် မိမိဘဝနှင့် ပတ်ဝန်းကျင်ကို မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်သဖြင့် ပညာဆည်းပူးခြင်း၊ စာပေဗဟုသုတများ လေ့လာလိုက်စားခြင်းတို့ကို ပြုလုပ်ကြရသည်။ စာပေဗဟုသုတတိုးပွားရေးကို ဆောင်ရွက်ရာ၌ စာပေပညာရှင်များနှင့်ထုတ်ဝေသူများက ကောင်းမွန်သောစေတနာဖြင့် ဖော်ဆောင်ပေးကြသည်။ နိုင်ငံတော်အနေဖြင့် စာပေဗိမာန်တည်းဟူသော အသိပညာဗဟုသုတဖြန့်ဝေရာဌာနကြီးမှ အကျိုးပြုစာပေများစွာကို ထုတ်ဝေပေးနိုင်ခဲ့သည်။

မွန်မြတ်သောစေတနာများဖြင့် စာပေအသိပညာဗဟုသုတများကို ကုံလုံကြွယ်ဝစွာ ဖြန့်ဖြူးပေးနိုင်သည့်ကာလများတွင် ပြည်သူများ၏ အသိဉာဏ်ပညာရေချိန်မှာ မြင့်မားတိုးတက်လာခဲ့သည်။ အသိဉာဏ်ပညာရေချိန် မြင့်မားလာသည့်အခါတွင် ပြည်သူများ၏လူမှုဘဝနှင့် ပတ်ဝန်းကျင်သာမက တိုင်းပြည်ပါ အေးချမ်းသာယာဝပြောလာသည်။ အသိဉာဏ်ပညာရေချိန်နိမ့်ပါးလာသည့်အခါ ပြည်သူများ၏ လူမှုဘဝပတ်ဝန်းကျင်နှင့် တိုင်းပြည်အတွက်ပါ စိတ်မချမ်းမြေ့ဖွယ်ရာများ မကြာခဏကြုံတွေ့လာတတ်သည်။ တိုင်းပြည်အနိမ့်အမြင့်ကို ပြည်သူများ၏ အသိဉာဏ်ပညာရေချိန်မြင့်မားခြင်း၊ လျော့နည်းလာခြင်းအချက်များနှင့် နှိုင်းယှဉ်ချိန်ထိုး လေ့လာကြည့်နိုင်သည်။

မျက်မှောက်ကာလသည် တိုင်းပြည်ကို ဒီမိုကရေစီစနစ်ဖြင့် အကောင်အထည်ဖော်နေသောကာလဖြစ်သည်။ ဒီမိုကရေစီနှင့်ပညာ အဆက်အစပ်ဖြစ်နေသည့် သတိပြုဖွယ်အချက်ကို "တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်ဟာ အခက်ခဲဆုံးဖြစ်တယ်။ ဒီမိုကရေစီအောင်မြင်ဖို့ ပြည်သူပြည်သားတွေက အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား လုံလောက်စွာရှိရမယ်၊ ပညာရေးသည် နိုင်ငံတော်၏ အခြေခံအစစ်ဖြစ်တယ်။ အသိဉာဏ်ကင်းမဲ့တဲ့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မယ်"ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ပြောကြားချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားသို့ Video Message မိန့်ခွန်းပေးပို့၍ အသိပေးခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" ကို လျှောက်လှမ်းနေသည်။ ဒီမိုကရေစီသည် ပညာကို အခြေခံသည့် ဒီမိုကရေစီဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုကို ထိခိုက်မှုမရှိသော ပညာရေးစနစ်၊ လေ့လာဆည်းပူးမှုစနစ်ဖြစ်သည်။ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ဖြစ်ပေါ်လာစေနိုင်သည့် ကောင်းမွန်သည့် ပညာရေးနှင့်လေ့လာဆည်းပူးမှုဖြစ်သည်။ လေ့လာဆည်းပူးရာ၌ ခေတ်အမြင်၊ ခေတ်အတွေးများဖြင့် အစဉ်အလာကောင်းသည့် ယဉ်ကျေးမှုကို မထိခိုက်စေသည့် ဆောင်ရွက်မှုများကို ဖန်တီးပေးရမည်ဖြစ်သည်။ အသိဉာဏ်ပညာဗဟုသုတများကို ဖြန့်ဝေရာ၌ တိုင်းပြည်၊ လူမျိုး၊ စာပေနှင့်ယဉ်ကျေးမှုတို့အပေါ် သန့်စင်မြင့်မြတ်သည့် စေတနာများ ထားရှိရန်လိုအပ်သည်။ မြန်မာတို့၏ အစဉ်အလာကြီးမားခဲ့သော ယဉ်ကျေးမှုကို မထိခိုက်စေသည့် အယူအဆ၊ ဝါဒမှိုင်းများကင်းစင်သည့် အသိပညာဗဟုသုတများ ဖန်တီးပေးဖို့လိုပါသည်။

တစ်ခေတ်တစ်ခါက သန့်စင်မွန်မြတ်သည့် အသိပညာဗဟုသုတများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး မျက်မှောက်ကာလ ခေတ်ရေစီးကြောင်းပြောင်းလဲလာသည့် နည်းပညာခေတ်၌ စာပေပညာလေ့လာလိုက်စားရေးတွင် အားနည်းလာပြီး နည်းပညာလေ့လာမှုနယ်ပယ်တွင် အားကောင်းလာသည်ကို တွေ့ရသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း အထူးသဖြင့် ၂၀၁၅ ခုနှစ်လွန်ကာလများတွင် ထုတ်ဝေခဲ့သော စာအုပ်စာပေများကို လေ့လာကြည့်လျှင် ဒီမိုကရေစီစနစ်ထူထောင်စ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် စိတ်ဝမ်းကွဲပြားမှုများဖြစ်စေသော လူ့အသိုက်အဝန်းသို့ ဦးတည်သွားခဲ့သည်ကို တွေ့ရသည်။ အကျိုးဆက်အနေဖြင့် မျက်မှောက်ကာလ နိုင်ငံရေးအချိုးအကွေ့တွင် ပဋိပက္ခများနှင့် ရက်စက်ယုတ်မာမှုများကို ပြည်သူလူထုကြား၌ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကောင်းမွန်မှန်ကန်သည့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားလာအောင်၊ တိုင်းပြု ပြည်ပြုစိတ်များ တိုးပွားလာအောင် ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကြေးမုံ


| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံ(ပုံတူ)စေတီတော်ကြီးကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသားများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ သင်တန်းသားများက လက်ခံရယူကြသည်။ ယင်းနောက် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သံရုံး၊ စစ်သံရုံး မိသားစုများနှင့် အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံ(ပုံတူ)စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥနှင့် ရာသီသီးနှံများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေး

နေပြည်တော် ဩဂုတ် ၂၇

ဒေသတွင်းစားနပ်ရိပ်ကျွာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည့် ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်







၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သို့ သွားရောက်လေ့လာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တအစ္ဆရိယ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား တင်ပြလျှောက်ထားကြကာ ဆရာတော်များထံမှ ဆုံးမဩဝါဒများနာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသို့ သွားရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့်တွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ အားပေးထောက်ခံမှုတို့ဖြင့် အနာဂတ် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တအစ္ဆရိယ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilyevich Fomin တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၇

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုချက်များအပေါ် ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များအား တစ်ချက်ချင်းစီ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အဆိုပြုချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏သဘောထားအမြင်ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီက ဂျာမနီနိုင်ငံ၏ဖက်ဒရယ်စနစ်ကျင့်သုံးနေမှုအပေါ် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား-၁၊ ဇယား-၂ တို့မှ ဥပဒေပြဋ္ဌာန်းရန် ကျန်ရှိနေသည့် ဥပဒေပြုခွင့်ရစာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးချက်များအရ နှစ်ဖက်သဘောထားများကို သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးဆွေးနွေးရန်လာရောက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် တောင်ကြီးမြို့သို့ လည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် တာချီလိတ်မြို့သို့ လည်းကောင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော် အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort နှင့် နေပြည်တော်လေဆိပ်တို့၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■



# မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ အိတ် ၄၈၀ ထောက်ပံ့ပေးအပ်

ကျောင်းကုန်း ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးသော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါး စိုက်ဧက ၁၁၈၀၁၆ ဧက လျာထားချက်အနက်မှ စိုက်ပျိုးပြီး ၁၀၉၄၂၇ ဧကရှိကြောင်း ရရှိသော ဓာတ်မြေဩဇာအိတ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ လေ့ကျင့်ပေးထားသော သိပ္ပံနည်းကျ စိုက်ပျိုးသုံးစွဲနည်းစနစ်များကို လိုက်နာပြီး မိမိတို့ စိုက်ခင်းများအတွင်းသို့ အလေအလွင့်မရှိအောင် ထည့်သွင်းကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေးက ဓာတ်မြေဩဇာများ ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးစပါးစိုက်ပျိုးသော တောင်သူများအား တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ကြသည်။ မိုးစပါးစိုက်ပျိုးသော တံခွန်တိုင်ကျေးရွာ၊ ဇရပ်ကွင်းကျေးရွာနှင့် ကွင်းကြီးကျေးရွာတို့မှ တောင်သူ ၄၅ ဦး၏ စိုက်ဧက ၄၈၀ အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၄၈၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူ့အဖွဲ့အစည်းအကျိုး၊ မိမိအကျိုး မျှတစွာစဉ်းစား

ပိုက်တင်

### ပြုပြင်ပြောင်းလဲပစ်ရမည့် သဘောထားများ

မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားတို့ တိုးတက်အောင်မြင်ကြီးပွားပြီး အဆင့်အတန်း မြင့်မားလာစေရေးအတွက်ဆိုလျှင် မြန်မာတို့အနေဖြင့် မဖြစ်မနေ ပြုပြင်ပြောင်းလဲပစ်ရမည့် သဘောထားများရှိနေ၏။ အရေးကြီးဆုံးလည်းဖြစ်ပြီး အလွန်တရာမှလည်း အခြေအနေ ဆိုးရွားနေပြီဖြစ်သော အကြောင်းအရာလေးချက်ကို တင်ပြလိုပါသည်။ ထိုသို့သော အကြောင်းကိစ္စများနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ သဘောထားများ၊ အပြုအမူများကို မပြုပြင်မပြောင်းလဲ မမြှင့်တင်နိုင်ပါက မြန်မာတို့အတွက် တိုးတက်သာယာဝပြောရေးကို မျှော်လင့်ရန်မဖြစ်နိုင်ရုံမျှမက ရှေ့လျှောက် ပိုမိုဆင်းရဲနိမ့်ကျလာပြီး နိုင်ငံတကာနှင့်ယှဉ်လျှင် မည်သည့်အခါမျှ ပေမီဒေါက်မီ လူ့အဖွဲ့အစည်း ဖြစ်လာနိုင်မည်လည်း မဟုတ်ပါ။

**(၁) စည်းကမ်းနှင့် ဥပဒေများအပေါ် သဘောထား**

ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီး ဆယ်စုနှစ်တစ်ခုနီးပါး ကြာလာသည့်အခါ လူထု၏ စည်းကမ်းနှင့်ကျင့်ဝတ်များ ပိုမိုကောင်းမွန်လာရမည့်အစား အခြေအနေများက ပိုမိုဆိုးရွားလာသည်ကို တွေ့မြင်ကြားသိနေရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သည်။ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံသားတို့၏ စည်းကမ်းနှင့် ဥပဒေများအပေါ် တန်ဖိုးထား လေးစားမှုသည် အထင်ရှားဆုံးသော စရိုက်လက္ခဏာရပ်ဖြစ်သည်။ လက်ရှိ မြန်မာအများစု၏ အနေအထားသည် ရရှိလာသောလွတ်လပ်ခွင့်အပေါ် စနစ်တကျ ဆင်ခြင်သုံးသပ်လျက် တန်ဖိုးရှိစွာ ခံစားစံစားကြရမည့်အစား နှစ်ကာလကြာလေ ပရမ်းပတာဖြစ်လာလေဖြစ်ကြောင်း သတိပြုမိကြပါလိမ့်မည်။

ထိုအခြေအနေသည် ဒီမိုကရေစီစနစ် ပိုမိုအမြစ်တွယ် ခိုင်မာလာနိုင်စေရေးအတွက် ကြီးစွာသောအနှောင့်အယှက် အဟန့်အတားဖြစ်လေရာ အစိုးရများကလည်း ပြည်သူလူထုကို ပညာပေးခြင်း၊ ထိန်းကျောင်း တည့်မတ်ပေးခြင်းတို့ လုပ်ဆောင်ရန် မဖြစ်မနေလိုအပ်သလို ပြည်သူလူထုကလည်း မိမိတို့ တစ်ဦးချင်းတန်ဖိုးများ၊ မိမိတို့လူ့ဘောင်အဖွဲ့အစည်း၏ တန်ဖိုးများ တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မားလာစေရေး အသိတရားရှိရှိ ကြိုးစားမြှင့်တင်ကြရန် စည်းကမ်းများ၊ ဥပဒေများကို လိုက်နာခြင်းအတွက် ဂုဏ်ယူတတ်သော နိုင်ငံသားများဖြစ်ရန် ကြိုးစားအားထုတ်ကြဖို့ မဖြစ်မနေလိုအပ်ပြီဖြစ်သည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား စည်းကမ်းဥပဒေများကို တန်ဖိုးမထားတတ်သော လူ့အဖွဲ့အစည်းများတွင် ဒီမိုကရေစီစနစ်သည် ရှင်သန်ထွန်းကားလာနိုင်ခြင်းမရှိသလို ထိုလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်လည်း ရှိလိမ့်မည်မဟုတ်ပါ။

**(၂) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအပေါ် သဘောထား**

ယခုကာလသည် နိုင်ငံတော်သစ်တစ်ရပ်ကို ခဲရာခဲဆစ် တည်ဆောက်နေကြရသော ကာလဖြစ်သည်။ အသိပညာရေချိန်မြှင့်တင်ရန် လိုအပ်ချက်ကြောင့် ပြည်သူလူထုသည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို နားလည်သိမြင်မှုနည်းပါးသလို တာဝန်ရှိသည်ဟုပင် ခံယူရကောင်းမှန်း မသိကြဘဲ ရှိနေရခြင်းသည် အပြစ်တစ်ခုဟု မဆိုသာသော်လည်း နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ချစ်မြတ်နိုးကြရမည်ဖြစ်သလို ပြန်လည်တည်ဆောက်နေသော နိုင်ငံတော်သစ်ကြီး ခိုင်မာတောင့်တင်းစွာ အမြန်ဆုံးပေါ်ထွက်လာရေးအတွက် တတ်စွမ်းသမျှ ပါဝင်ထမ်းဆောင်ကြရန် လိုအပ်ပါသည်။ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ နာမည်ကျော် စကားတစ်ခွန်းရှိ၏။ “Ask not what your country can do for you ask what you can do for your country” တိုင်းပြည်က ခင်ဗျားတို့ကို ဘာလုပ်ပေးမယ်ဆိုတာ မမေးပါနဲ့။ ခင်ဗျားတို့က တိုင်းပြည်အတွက် ဘာလုပ်ပေးမယ်ဆိုတာပဲ မေးပါဟူ၍ ဖြစ်သည်။

ဆိုလိုသည်မှာ အစိုးရများက ငါတို့ကိုကောင်းအောင်လုပ်ပေးရမယ်ဆိုတာ တစ်ခုပဲစဉ်းစားပြီး တစ်စုံတစ်ရာဖြစ်လာနိုး ထိုင်စောင့်နေရန်မဟုတ်ဘဲ မိမိတို့ တိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင်အားသွန်ခွန်စိုက် လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို ဝိုင်းဝန်းကြရန်ဖြစ်သည်။

နိုင်ငံသားတို့နိုးကြားကြိုးစားမှုဖြင့်သာ နိုင်ငံတစ်ခု အမှန်တကယ် တိုးတက်နိုင်သည်။ မိမိတို့မှီတင်းနေထိုင်လျက်ရှိသော လူ့အဖွဲ့အစည်း၏ကျေးဇူးကို ပြန်လည်သိတတ်ရန် နိုင်ငံသားတစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း သိကြရပေလိမ့်မည်။ လူ့အဖွဲ့အစည်းအကျိုး၊ မိမိအကျိုး မျှတစွာစဉ်းစားကြရန် အချိန်ရောက်ပြီဖြစ်သည်။

**(၃) ပညာရေးအပေါ် သဘောထား**

အထူးသဖြင့် မိဘတို့ ပြုပြင်ပြောင်းလဲကြရမည်ဖြစ်သည်။ သားသမီးတို့ကို ကောင်းစေချင်သောစေတနာဟူသည့် အကြောင်းပြချက်ဖြင့် လမ်းလွဲနေကြဆဲဖြစ်သည်။ အမှတ်ကောင်းကောင်းရပြီး လိုင်းကောင်းကောင်းရအောင် ကြိုးစားရမည်ဟု လူငယ်များကို အတင်းရော အဓမ္မပါ ဖိအားပေးခိုင်းစေနေကြဆဲဖြစ်သည်။ လူငယ်များအားလုံးက ဆရာဝန်၊ အင်ဂျင်နီယာမှမလုပ်လျှင် ဘဝများဆုံးတော့မလိုလို၊ တခြားသော ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များက တန်ဖိုးမရှိတော့သလိုလို ခံယူနေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံမှာပင် ဖြစ်ပေါ်နေသည့် အခြေအနေဆိုးဖြစ်သည်။ နိုင်ငံကို ထူထောင်ရန် ဝိဇ္ဇာ၊ သိပ္ပံ ဘက်စုံပညာရပ်များ ထူးချွန်ကြရန် မဖြစ်မနေလိုအပ်သည်။ ထို့ပြင် လူငယ်တို့၏ ဝါသနာနှင့် ပါရမီရှိကြသည့်အလျောက် အသက်မွေးဝမ်းကျောင်းများကို ရွေးချယ်ခွင့်ပေးရန်လိုသည်။ ဆရာဝန်များ၊ အင်ဂျင်နီယာများဖြစ်ပြီး မအောင်မမြင်ဖြစ်နေသောသူများ တခြားအသက်မွေးဝမ်းကျောင်းကို ရွေးချယ်ကြသူများ ဒုနှင့်ဒေးဖြစ်နေရခြင်းသည် ထိုအကြောင်းတရားကြောင့်ဖြစ်သည်။

**တစ်သက်တာ လေ့လာသင်ယူခြင်း**

လူငယ်များအနေဖြင့်လည်း ဘွဲ့လက်မှတ်ရရုံ၊ ပညာတတ်အမည်ခံရုံအတွက်သာ ပညာသင်လိုကြသည့်စိတ်ဓာတ်များကို မဖြစ်မနေပြင်ဆင်ကြရမည်ဖြစ်သည်။ Life long learning ဟုဆိုသော တစ်သက်တာ လေ့လာသင်ယူခြင်းသည်လည်း အသိပညာရေချိန်နိမ့်ကျလှသော လူ့ဘောင်အဖွဲ့အစည်းအတွက် အရေးပါသည့်ကိစ္စဖြစ်သည်။ သာမန်အားဖြင့် ငွေသည်ဘဝဟု ယူဆနေကြသူအများစု ဖြစ်နေရခြင်းသည် လေ့လာသင်ယူလိုစိတ်များ ခေါင်းပါးနေကြသောကြောင့်ဖြစ်သည်။ အရွယ်စုံ၊ အလွှာစုံက ပညာအပေါ် မှန်မှန်ကန်ကန် တန်ဖိုးထားကြပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူသည့်ဓလေ့ ပျိုးထောင်နိုင်ရေး အရေးပါလှသည်။

**(၄) စီးပွားရေးအပေါ် သဘောထား**

တိုးတက်သော နိုင်ငံတိုင်းတွင် နိုင်ငံသားတို့အတွက် စီးပွားရေးဟူသည် အကျိုးအမြတ်ရရှိရေးထက် များစွာပိုမိုကျယ်ဝန်းနက်နဲသော အဓိပ္ပာယ်များရှိသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနိမ့်ကျနေမှုဟူသော အရင်းခံအကြောင်းတရားကိုအခြေပြုလျက် စီးပွားရေးနှင့်ပတ်သက်သော သဘောထားများနှင့် ကျင့်ဝတ်များသည် ပျက်စီးယိုယွင်းလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ မိမိအကျိုးအမြတ်များများရရှိရေး၊ မိမိကောင်းစားရေး စသည့် ကျဉ်းမြောင်းသေးသိမ်လှသည့်ခံယူချက် သဘောထားများကြီးစိုးနေပြီဖြစ်သည်။ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား သဘောထားက လွှမ်းမိုးနေပြီဖြစ်သည်။

တိုင်းပြည်စီးပွားရေး ဆုတ်ယုတ်ပျက်စီးရခြင်း၏အကြောင်းရင်းခံတစ်ရပ်ကို တွေ့မိသူ အလွန်နည်းပါးလှသည်။ စီးပွားရှာသည့်အလုပ်သည် မိမိဘဝတိုးတက်သာယာရေးဖြစ်သလို တိုင်းကျိုးပြည်ပြု အလုပ်လည်းဖြစ်သည်။ လူ့အဖွဲ့အစည်းလည်းကောင်းမွန်ရမည်၊ မိမိလည်း အကျိုးအမြတ် ဖြစ်ထွန်းရမည်ဟူသော သဘောထားအမှန် လိုအပ်သည်။ ရေမြင့်မှ ကြာမြင့်သည်။ အတ္တပရမျှသော သဘောထားဖြင့် လုပ်ကိုင်ကြလျှင် လူ့အဖွဲ့အစည်းလည်း တစ်နေ့တခြားအဆင့်မြင့်လာမည် ဖြစ်သလို လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအတွက်လည်း သဘောတရားက အတူတူပင်ဖြစ်သည်။ လုပ်ခလစာတစ်ခုပဲကြည့်ပြီး အလုပ်အပေါ် စေတနာမထားကြသောကြောင့် ပြဿနာမျိုးစုံ ကြုံတွေ့နေကြရခြင်းပင်။ မိမိရွေးချယ်ထားပြီးသားအလုပ်ပေါ် စေတနာပြည့်ပြည့်ဝဝထားပြီးလုပ်ကိုင်လျှင် မိမိဘဝတိုးတက်ကောင်းမွန်ရေးအတွက် အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်သလို မိမိ၏ စိတ်ဓာတ်အရည်အသွေးလည်း မြင့်မားလာပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလည်း မြင့်မားလာကာ အောင်မြင်သောဘဝကို ရရှိနိုင်လိမ့်မည်။ အလုပ်ကို ခိုကပ်လုပ်ကိုင်သည့်အကျင့်ကို မွေးမြူထားလျှင် တစ်သက်လုံးစဉ်မီရန် ခက်ခဲနေမည်သာဖြစ်သည်။ အသက်မွေးဝမ်းကျောင်းများအပေါ် သဘောထား၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်သည့်အခါထားရှိသည့်သဘောထားများကို ပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိလျှင် နိုင်ငံတိုးတက်ကောင်းမွန်ပြီး ကြွယ်ဝချမ်းသာလာနိုင်ရေး ဝေးနေပေလိမ့်ဦးမည်။

> **“တိုင်းပြည်စီးပွားရေး ဆုတ်ယုတ်ပျက်စီးရခြင်း၏ အကြောင်းရင်းခံတစ်ရပ်ကို တွေ့မိသူ အလွန်နည်းပါးလှသည်။ စီးပွားရှာသည့်အလုပ်သည် မိမိဘဝတိုးတက်သာယာရေး ဖြစ်သလို တိုင်းကျိုးပြည်ပြုအလုပ်လည်းဖြစ်သည်။ လူ့အဖွဲ့အစည်းလည်းကောင်းမွန် ရမည်၊ မိမိလည်း အကျိုးအမြတ် ဖြစ်ထွန်းရမည်ဟူသော သဘောထားအမှန် လိုအပ် သည်။ ရေမြင့်မှ ကြာမြင့်သည်။ အတ္တပရမျှသော သဘောထားဖြင့် လုပ်ကိုင်ကြလျှင် လူ့အဖွဲ့အစည်းလည်း တစ်နေ့တခြား အဆင့်မြင့်လာမည်ဖြစ်သလို လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းလည်း မြင့်မားလာမည်”**

### မှားယွင်းသောသဘောထား ခံယူချက်များ

နိုင်ငံတစ်ခု လူ့အဖွဲ့အစည်းတစ်ရပ်တွင် အားနည်းချက်များ အမြောက်အမြားရှိနေပါက ဘယ်လိုမှ တိုးတက်ကောင်းမွန်လာရန်မရှိပါ။ အဆိုပါအားနည်းချက်များသည် သာမန်အားဖြင့် မေ့လျော့ပေါ့ဆကာ အရေးပါသည်ဟုမထင်ရသည့် မှားယွင်းသောသဘောထားခံယူချက်များအပေါ် များစွာတည်မှီနေပါသည်။ မှန်ကန်သောသဘောထားခံယူချက်များ ထားရှိနိုင်ကြရန် အမှားကို အမှားဟု ပထမဦးဆုံးသိရန်လိုသည်။ လက်ခံရန်လိုသည်။ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ နိုင်ငံသားတစ်ဦးချင်းတိုးတက်ရေး၊ ဂုဏ်သိက္ခာရှိရေး၊ ပျော်ရွှင်အောင်မြင်ရေးနှင့် နိုင်ငံတော် (လူ့အဖွဲ့အစည်း) တစ်ခုလုံး လောက်လောက်လားလား ဖြစ်လာနိုင်ရေးအတွက် အားလုံးကို ပြုပြင်ပြောင်းလဲရန် မလုပ်နိုင်ကြသေးလျှင် ဖော်ပြပါ မှားယွင်းနေသော (လွန်စွာမှလည်းအရေးကြီးလှပြီး မဖြစ်မနေပြောင်းလဲရန် လိုအပ်သော) သဘောထားလေးချက်ကို ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်ကြလျှင်ပင် တိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၊ လူစဉ်မီသော နိုင်ငံတော်တစ်ရပ်ကို အလျင်အမြန် တည်ဆောက်နိုင်ကြမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်၊ “တူယှဉ်နွဲပျော်ဂီတပွဲတော်” ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် “တူယှဉ်နွဲပျော်ဂီတပွဲတော်”ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို စတူဒီယို(အေ)တွင် ပြိုင်ပွဲဝင် သုံးဦး၏ တေးသီချင်းသရုပ်ပြသီဆိုမှုအား ကြည့်ရှုအားပေးစဉ်။

ရန်ကုန် ဩဂုတ် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် “တူယှဉ်နွဲပျော် ဂီတပွဲတော်” (Season-2) ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံနှုတ်ဆက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဧည့်ကြိုဆောင် (Lobby)၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ “တူယှဉ်နွဲပျော် ဂီတပွဲတော်” (Season-2) တွင် ပါဝင်ဆောင်ရွက်ကြမည့် ဒိုင်အဖွဲ့များ၊ အစီအစဉ်တင်ဆက်သူများ၊ ဖိတ်ကြားထားသူများ၊ ပွဲစဉ်(၁/၂)တို့တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ MRTV ခေတ်ပေါ်တေးဂီတအဖွဲ့ အပါအဝင် ရိုက်ကူးထုတ်လုပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ စတူဒီယို(အေ)တွင် ပြိုင်ပွဲဝင် သုံးဦး၏ တေးသီချင်းသရုပ်ပြသီဆိုမှုကို ကြည့်ရှုအားပေးပြီး အသံစနစ်၊ မီးစနစ်၊ Stage ပြင်ဆင်မှုများနှင့် အထောက်အကူပြုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက “တူယှဉ်နွဲပျော် ဂီတပွဲတော်” (Season-2) ကို အဆင်ပြေချောမွေ့စွာ အောင်မြင်အောင် ကျင်းပနိုင်ရန်အတွက် ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူများ စိတ်ချမ်းသာစေရေး တတ်စွမ်းသည့် အနုပညာဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန် အချိန်ရောက်ရှိပြီဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး “တူယှဉ်နွဲပျော်ဂီတပွဲတော်” အစီအစဉ်(၁)ကို ကျင်းပခဲ့ရာ ပြည်သူများ နှစ်ခြိုက်အားပေးမှုကို ရရှိခဲ့ကြောင်း၊ ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” အစီအစဉ်(၂)ကို ဆက်လက်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဘက်စုံထောင့်စုံမှ လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သီဆိုယှဉ်ပြိုင်ကြမည်**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” (Season-2) သီချင်းဆိုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ရွေးချယ်စေလွှတ် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမအဆင့်တွင် ကိုးဦးစီဖြင့် အုပ်စု ငါးအုပ်စုခွဲ၍ ပွဲစဉ် ၁၀ ပွဲအား ပြဇာတ်တေးနှင့် စိတ်ကြိုက်တေးသီချင်းများဖြင့် လည်းကောင်း၊ ဒုတိယအဆင့်တွင် ပွဲစဉ် ခုနစ်ပွဲအား ပြဇာတ်တေးနှင့် စိတ်ကြိုက်တေးသီချင်းများဖြင့် လည်းကောင်း၊ တတိယအဆင့် Finalပွဲစဉ်တွင် (ပထမ၊ ဒုတိယ၊ တတိယ) ဆုများ ရွေးချယ်နိုင်ရန် ပြဇာတ်တေးနှင့် စိတ်ကြိုက်တေးသီချင်းများဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်လျက်ရှိသည့် Graphic Design သင်တန်းကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေပေးအပ်ခြင်း၊ MRTV(ရန်ကုန်)ရှိ MRTV HD၊ MRTV News နှင့် MITV Channel များမှ သတင်းတင်ဆက်သူများနှင့် အစီအစဉ်တင်ဆက်သူများအား တွေ့ဆုံမှာကြားပြီး ထောက်ပံ့ငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ လျှပ်စစ်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်




နေပြည်တော် ဩဂုတ် ၂၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရေနံမြေရှိ ရေနံမြေဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအင်ကဏ္ဍဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ ထောက်ရှာပင်-ကမ်းနီရေနံမြေ တွင်းအမှတ် ၃၁၃ သို့ ရောက်ရှိကြပြီး တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ပြည်ပမှ တင်သွင်းမှု လျှော့ချနိုင်ရေးနှင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ရေး စီမံချက်နှင့်အညီ ရေနံမြေများမှ ရေနံတိုးတက်ထုတ်လုပ်နိုင်ရေးသည် မိမိတို့ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ ရေနံမြေများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်သွားရန် ဖြစ်ကြောင်း၊ ရေနံမြေများသည် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များကို ကိုင်တွယ်လုပ်ကိုင်နေရခြင်းကြောင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေး အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများနှင့် ရေနံမြေလုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက ရေနံမြေဝန်ထမ်းများကို အမှတ်တရ သစ်သီးခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ထောက်ရှာပင်-ကမ်းနီရေနံမြေရှိ တွင်းအမှတ် ၃၁၃ မှ သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ၁ ဒသမ ၅ သန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ပြီး ထွက်ရှိလာမည့်သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် (ခရိုင်တာဝန်ခံ)နှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်(ခရိုင်တာဝန်ခံ) ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့် အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူးခရိုင်များရှိ မြို့နယ် ကိုးမြို့နယ်မှ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာနရှိဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်တာဝန်ခံ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့်အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) အရ ဆွေးနွေး ဆုံးဖြတ်ချက်များဖြစ်သော မြို့နယ်စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီများ၊ လစဉ်ပုံမှန်အစည်းအဝေး ပြုလုပ်ဆောင်ရွက်မှု၊ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ မှတ်ပုံတင်ထားရှိမှုနှင့် အခြေခံစာကြည့်တိုက် ပညာသင်တန်း အမှတ်စဉ် (၂) အတွက် သင်တန်းသားများ ရွေးချယ်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ဘန်ကောက်မြို့၌ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ဖွင့်ပွဲကျင်းပ

## ကူးစက်မြန်ရောဂါ ဖြစ်ပွားမှုများ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အာဆီယံနိုင်ငံများအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E. Mr. Anutin Charnvirakul ၏ ဖိတ်ကြားချက်အရ ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bangrak Medical Center Building ၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Lim Jock Hoi နှင့် ဖိတ်ကြားထားသော အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံကျန်းမာရေး၊ အလုပ်သမားနှင့် ဖူလုံရေးဝန်ကြီး H.E. Mr. Katsunobu KATO က ပေးပို့သည့် အထိမ်းအမှတ် အဖွင့်အမှာစကားဗီဒီယိုကို ပြသသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာအတွင်းရေးမှူးရုံး စတင်ဖြစ်ပေါ်လာပုံ အထိမ်းအမှတ်ဗီဒီယိုကိုပြသ၍ ဖွင့်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီးချုပ်နှင့်အတူ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖွင့်ပွဲအထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ASEAN Center for Public Health Emergency and Emerging Diseases (ACPHEED)ကို ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်ဆိုင်ရာ အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ ကူးစက်မြန်ရောဂါ ဖြစ်ပွားမှုများကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အာဆီယံနိုင်ငံများအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အာဆီယံနိုင်ငံများ အတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်နိုင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E. Mr. Anutin Charnvirakul နှင့် တွေ့ဆုံရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာအတွင်းရေးမှူးရုံး ပေါ်ပေါက်လာစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အစဉ်တစိုက်



ထောက်ခံအားပေးကူညီမှုများအတွက် အမြဲအမှတ်တရ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်ရောဂါ ကာကွယ်ဆေးများအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုမြင့်တင်ဆောင်ရွက်ရေးကိစ္စ၊ ထိုင်းနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံသို့ လှူဒါန်းမည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တရုတ်- မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ခြင်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသော ၂၀၂၂ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများ၊ ဘာသာစကားသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ မန္တလေးမြို့ရှိ ကောင်စစ်ဝန်ရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် ဧည့်လမ်းညွှန်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် တရုတ်ဘာသာစကားသင်တန်းများအား အကြိမ်ပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ခရီးသွားဈေးကွက်တွင် အလားအလာကောင်းများ ရှိနေသည့် တရုတ်ဘာသာစကားသင်တန်းကို ပုဂံမြို့တွင် မကြာသေးမီရက်များကပင် ဖူးကျင့်နိုင်ငံတကာ ဘာသာစကား သင်ကြားရေးဌာနနှင့် ပူးပေါင်းပြီး ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ ရုရှားဘာသာစကားသင်တန်းကိုလည်း ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များတွင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် စီမံကိန်းများလည်း ဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ခရီးသွားလုပ်ငန်း သုတေသနစီမံကိန်းနှင့် မုန့်ဖုတ်အတတ်ပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်မှအားထားရသော သားကောင်း သမီးကောင်းများဖြစ်လာစေရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် တတ်စွမ်းသမျှ ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးက ပညာရည်ချွန်ဆုပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၁၀ ဦးကို ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူး၊ ပညာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ အခမ်းအနားတွင် ထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀ တို့ကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ပညာရည်ချွန်ဆုများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာသင်ထောက်ပံ့စရိတ်များကိုပေးအပ်ရာ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ သုံးဦးကို ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရရှိသူများ ကိုယ်စား ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၁ ဦးအတွက် ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၃၆၆၄၀၀၀ နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်သူ ခုနစ်ဦးအတွက် တစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်း၊ ရိုးရိုးအောင်မြင်သူ ရှစ်ဦးအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၅ ဦးအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၃၀၀၀၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၆၄၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ပုသိမ် ဩဂုတ် ၂၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ တရားလွှတ်တော်၊ တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က နေပြည်တော်ရှိပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၉၈ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(တိုင်းအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်ဒိုင်များ၊ ပြိုင်ပွဲဝင် မျိုးဆက်သစ်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရှိစေရေးတို့ကို ဦးတည်ရည်ညွှန်းပြီး ၁၉၉၃ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခု ၂၀၂၂ ခုနှစ်ဆိုလျှင် (၂၃) ကြိမ်မြောက်အထိ ရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် နိုင်ငံတော်အဆင့်ပြိုင်ပွဲအဖြစ် ခမ်းခမ်းနားနား ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုအစစ် လူအနှစ် ဆိုသည့်စကားအတိုင်း မိမိတိုင်းပြည်နှင့်လူမျိုး၏ အနှစ်သာရရှိသည့် သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်နိုင်ခြင်းသည် အင်မတန်ဂုဏ်ယူစရာကောင်းပါကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို အကောင်းဆုံးဖော်ထုတ်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ထည်ဝါအောင် စွမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့မှုအခြေအနေ ဗီဒီယို မှတ်တမ်းပြသမှုကို ကြည့်ရှုကြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး(၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(တိုင်းအဆင့်) ပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ပြိုင်ပွဲဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ အကပညာရှင် စည်သူဒေါ်နွဲ့နွဲ့စန်း၊ အဆိုပညာရှင် ဦးတင်ဦးလေးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဆိုင်းပညာရှင် ပဲခူးစိန်မြအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပန်တျာစိန်လှမြိုင်နှင့်အဖွဲ့က "ပဏာမ ဧည့်ခံဆိုင်းလက်သံ" ဖြင့် လည်းကောင်း၊ တေးသံရှင် ဝိုင်းလမင်းအောင်က "ဂီတရေစီးကြောင်း" သီချင်းဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)က "မွန်တိုင်းရင်းသားရိုးရာယိမ်း" အကဖြင့် လည်းကောင်း၊ ရုပ်သေးပညာရှင် စိန်အေးမြင့်နှင့် မျိုးဆက်သစ်ရုပ်သေးပညာရှင် သားငယ်လေးဖိုချစ်တို့က "လက်ဆင့်ကမ်းအမွေ" ရုပ်သေးအကဖြင့်လည်းကောင်း၊ အထက(၁) ဒဂုံမှ ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" အစီစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က "ကျေးလက်ရိုးရာ ကောက်စိုက်ယိမ်းအက" ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်မှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်များ၏ အဆို၊ အက၊ အရေး၊ အတီးကဏ္ဍအလိုက် မြန်မာကွန်ဗင်းရှင်း စင်တာ(MCC)ခန်းမ၌ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းအဆင့်)ပြိုင်ပွဲကို မြန်မာကွန်ဗင်းရှင်း စင်တာ(MCC)ခန်းမ၌ ယနေ့မှ ဩဂုတ် ၂၉ ရက်အထိ ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးကို သတ်မှတ်နေရာတို့၌ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပြိုင်ပွဲတွင် ၅၆ ဦး၊ အကပြိုင်ပွဲတွင် ၂၈ ဦး၊ အရေးပြိုင်ပွဲတွင် ၁၄ ဦး၊ အတီးပြိုင်ပွဲတွင် ၁၈၀ စုစုပေါင်း ၂၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

**ယမန်နေ့မှအဆက်**

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**အဆိုပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) တောင်ယံတော်ကြီး (မွန်)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမှုန်ကြွယ် (ယိုးဒယား)
(ဃ) ရွှေပန်းပန် အစချီ (လေးထွေသံကပ်)
(င) မင်းခမ်းတော်စုံ (သီချင်းခံ)
(စ) လွမ်းဓလေ့ (ပတ်ပျိုး)
(ဆ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)
(ဇ) သီတင်းကျွတ်လဘွဲ့ (ပဒေသာ)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) စက်လဲဘုံဘွေ (ပတ်ပျိုး)
(ခ) နှင်းယွန်းဂိမှာန် (မွန်)
(ဂ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဃ) စိန်ကြယ်ညီးလင်း (မွန်)
(င) ပန်းမြိုင်လယ် (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) သေနင်္ဂမည် (ပတ်ပျိုး)
(ခ) ဖန်ထွေလာ (မွန်)
(ဂ) ခါနွေဆန်း (ယိုးဒယား)
(ဃ) ထွန်းလင်းလျှံလက် (ပတ်ပျိုး)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) ပန်းဟောဝန် (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) အာကာတစ်ခို (ပတ်ပျိုး)
(ခ) ရွှေပစ္စုန် (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)
(ဃ) ရွှန်းရွှန်းမြ (သီချင်းခံ)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**"ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**

(က) မောင့်အချစ်မြား (စန္ဒယားချစ်ဆွေ)
(ခ) သရက်ပင်အို၏သံဝေဂ (ပတ်ပျိုး)
(ဂ) ဆိပ်ကမ်းသာ (မောင်မောင်ကြီး)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)
(င) တောသားကြီး (ခင်မောင်ရင်)
(စ) စိမ့်ကြီးမြိုင်ကြီး (ကိုအံ့ကြီး)
(ဆ) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
(ဇ) ဘုံဓမ္မတာ (ဥသြဘသောင်)
(ဈ) သူကလေး (ခေတ္တရာအေး)
(ည) မုန်းရစ်လေဦး (ကိုမင်းနောင်)

**၂။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)**

(က) သံယောဇဉ် (ထား)
(ခ) ဂီတရေစီးကြောင်း (ရိုရိုသန့်)
(ဂ) ဆယ့်နှစ်လရာသီ (မေမေဝင်း)
(ဃ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
(င) ဂီတအခြေခံ (အဖွဲ့)
(စ) ချစ်မိုးကြီး (ဌေးဌေးမြင့်)
(ဆ) ပိတောက်လမ်း (မာမာအေး)
(ဇ) မြိုင် (ရိုရိုသန့်)
(ဈ) သုံးရွှေလယ် (ဒေါ်ကြည်အောင်)
(ည) ဝေဿန္တရာ (မာမာအေး)

**၃။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**

(က) ချစ်ရတုထံတျာ (ကိုလေးမြင့်)
(ခ) ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ် (တွံတေးသိန်းတန်)
(ဂ) အမိုက်မလေးငှက်ငယ် (မောင်မောင်ကြီး)
(ဃ) တစ်ဆောင်းသစ်ပြန်ပြီ (ကိုသန်းလှိုင်)
(င) စိမ်း (ကိုမြင့်ဆွေ)
(စ) ရွှေတိဂုံသမိုင်း (ဒေါ်အောင်ကြည်)

**၄။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**

(က) အပျိုတော်လေး မိနှင်းပျို (ခင်အုန်းမြင့်လေး)
(ခ) ကျေးစေတမန် (မေရှင်)
(ဂ) နားလည်ပေးပါ (ထား)
(ဃ) သားမောင်မောင် (တင်တင်မြ)
(င) စိမ်းရောင်စို (လေဘာတီမမြရင်)
(စ) စခန်းအောင်မြေ (တင်တင်မြ)

**၅။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**

(က) အမတမျိုးစေ့ (စန္ဒရားခွန်တင်ကြွယ်)
(ခ) မျိုးချစ်စိတ် (ရာမညမိုးလွင်)
(ဂ) အမှတ်မထင် (မောင်ထွန်းမင်း)
(ဃ) မိုးကြိုတေးအလှ နယုန်လ (ဓနုဖြူစိုးသိမ်း)

**၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**

(က) မြန်မာသာကီရဲသွေးနီ (မြန်မာ့အသံအဖွဲ့)
(ခ) သည်နွေသည်မိုးသည်ဆောင်း (အဖွဲ့)
(ဂ) ဘုတ်တလုတ်ကန် (ထား)
(ဃ) ဖူးရွှေလက်တင် (A1.တင်တင်လှ)

**၇။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**

(က) ကန္တာရဝတီ (ကိုမင်းသူ)
(ခ) ရွှေပန်းချီကားတိုင်းပြည် (တက္ကသိုလ်ကိုကိုဇော်)
(ဂ) ဆုတောင်းပါလေ အိမ်သူဆွေ (ကိုမင်းနောင်)
(ဃ) ဖူးပွင့်ဝေစီ ဆယ့်နှစ်ရာသီ (ကိုသန်းလှိုင်)

**၈။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**

(က) ကိုယ့်အမျိုးကိုကိုယ်ချစ် (ခိုင်ဝါ)
(ခ) မြပုဏ္ဏမာ (တင်တင်မြ)
(ဂ) သူရကန် အရောင်မှိတ်သော်လည်း (မေလှမြိုင်)
(ဃ) လမြတ်တန်ဆောင် (ထား)

**ဆက်လက်ဖော်ပြပါမည်**

# ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ ထုတ်လုပ်တင်ပို့မှုဖွံ့ဖြိုးရေး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၂၇**

ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေးနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေ တိုးတက်ရှာဖွေပေးနိုင်ရေးအတွက် ရေသတ္တဝါ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ Chao Yang International Co.,Ltd. ၏ ငါးရှဉ့်နှင့် ကဏန်း(အရှင်)များ ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နေမှုနှင့် ငါးရှဉ့်နှင့် ကဏန်း(အရှင်)များ ထုပ်ပိုးနေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုအားပေးကြပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



အလားတူ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် Ghani Win International Modern Processing Plants and Cold Store နှင့် Fisheries And Marine Products 2000 Limited များသို့ သွားရောက်ပြီး ငါး၊ ပုဇွန် ပြုပြင်ထုပ်ပိုးအေးခဲမှုလုပ်ငန်းများ၊ ပြည်ပသို့တင်ပို့ရောင်းချရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများအားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပေါ် များစွာတည်မှီနေသဖြင့် ဌာနနှင့်ပုဂ္ဂလိကများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ စက်ရုံ၊ အလုပ်ရုံများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လုပ်ငန်းကျွမ်းကျင်မှုတိုးမြှင့်ရေး၊ အစားအစာထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရေး အလေးထားကြပ်မတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**




ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ၏ ဒုတိယနေ့အစီအစဉ်ဖြစ်သော သင်တန်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင် တောင်သူများ တက်ရောက် လေ့လာခဲ့ကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ပညာရှင်များက ပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သင်တန်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဇော်က ဆည်ရေစီမံခန့်ခွဲမှုနှင့် ရေအသုံးချသူ တောင်သူအဖွဲ့များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါက်တာသူဇာဝင်းက စိုက်ပျိုးသီးနှံနှင့် မြေအသုံးချမှုဆိုင်ရာ အသိပညာခေါင်းစဉ်ဖြင့် လည်းကောင်း ပို့ချခဲ့ကြပြီး တောင်သူများ၏ သိရှိလိုသည်များကို ဆွေးနွေးဖြေကြားပေးကြသည်။

ယနေ့ ကျင်းပလျက်ရှိသော ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ၏ ပြခန်းများခင်းကျင်းပြသထားမှုများနှင့် သင်တန်းပို့ချဆွေးနွေးနေမှုများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ ၈၃ ဦး၊ ပျဉ်းမနားစိုက်ပျိုးရေး သိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ ၅၀ တို့ လာရောက်လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသော ရေအသုံးချသူများ အဖွဲ့ခေါင်းဆောင် တောင်သူများသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်၏ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ My Nature အဆင့်မြင့် ဇီဝမြေဩဇာ လုပ်ငန်းခွင်ကို လည်းကောင်း၊ လယ်ဝေးမြို့နယ် ချောင်းမငယ် ဆည်ရေသောက်စနစ်ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေး ရွှေ့ပြေးဧရိယာအတွင်း စနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြသည်။

ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတက်ရောက်လာကြသော ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင် တောင်သူများအား သင်တန်းများပို့ချပေးခြင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် အုပ်စုများဖွဲ့၍ ဆွေးနွေးခြင်း၊ စုပေါင်းဆွေးနွေးတင်ပြသုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ရေအသုံးချသူများ ပါဝင်သော ဆည်ရေစီမံခန့်ခွဲမှုစနစ်ဆီသို့ အောင်မြင်စွာ တက်လှမ်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုဝင်များအား ဂုဏ်ပြုပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာရုံး၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး စစ်တွေခရိုင်ရုံးမှ ဘာသာစုံဂုဏ်ထူးရှင် မောင်ကျော်ဇင်ထွန်းနှင့် ပေါက်တောမြို့နယ်ရုံးမှ လေးဘာသာဂုဏ်ထူးရှင် မောင်အောင်နိုင်ဝင်းတို့အား ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်သည်။

ထို့နောက် စစ်တွေခရိုင်ဦးစီးမှူးက ပုဏ္ဏားကျွန်းမြို့နယ်ရုံးမှ နှစ်ဘာသာဂုဏ်ထူးရှင် မနေခြည်လင်းထက်နှင့် တစ်ဘာသာဂုဏ်ထူးရရှိကြသူများဖြစ်ကြသော ပေါက်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့မှ ဝန်ထမ်းများ၏ သားသမီးများကို ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မိုးနဲမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ဥယျာဉ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ ကွင်းဆင်းသွားရောက်၍ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် စာအုပ်များ ခင်းကျင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေးနှင့် စပ်လျဉ်း၍ ပလတ်စတစ်ညစ်ညမ်းမှု၊ ပလတ်စတစ်ညစ်ညမ်းမှုဆိုးကျိုးများ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်စာကြည့်တိုက်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က စာပေလေ့လာဖတ်ရှုခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်စန္ဒာအောင်က ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးနှင့် တစ်ကိုယ်ရေကျန်းမာစေရေးအတွက် လက်ဆေးခြင်းကြောင့် ရရှိလာမည့်ကောင်းကျိုးများကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂)အား (၅-၉-၂၀၂၂)ရက်နေ့မှ (၁၄-၁၀-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ပြည်တွင်းဆန်လက်ကျန်နှင့်ပတ်သက်၍ ကောလာဟလသတင်းများအပေါ် မီဒီယာများ၏ မေးမြန်းမှုအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ဖြေကြား

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်တွင်း၌ ဆန်လက်ကျန်နည်းပါးနေကြောင်း လူမှုကွန်ရက်စာမျက်နှာများနှင့် မီဒီယာအချို့တွင် မဟုတ်မမှန် ထုတ်ပြန်မှုများကြောင့် ဆန်ဈေးနှုန်းများ တည်ငြိမ်မှုမရှိသဖြင့် ပြည်သူများသို့ ပြည်တွင်းဆန်လက်ကျန် အခြေအနေမှန်ကို သိရှိစေရန်အတွက် မီဒီယာများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်ကို ဆက်သွယ်မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိခဲ့ပြီး စပါးထွက်ရှိမှုမှာ တင်းသန်းပေါင်း ၁၀၈၈ သန်းရှိ၍ နွေစပါးစိုက်ဧကနှစ်သန်းရှိကာ စပါးတင်းသန်းပေါင်း ၂၁၃ သန်းထွက်ရှိခဲ့သည့်အတွက် စုစုပေါင်းထွက်ရှိမှုမှာ စပါးတင်းသန်းပေါင်း ၁၃၀၁ သန်း၊ ညီမျှဆန်တန် ၁၃ ဒသမ ၀၁ သန်းဖြစ်ကြောင်း၊ ထွက်ရှိသောစပါးများအပေါ် မျိုး၊ အလေအလွင့် နုတ်ပယ်၍ အသားတင်ပိုလျှံမှု ပမာဏမှာ ဆန်တန် ၁၂ ဒသမ ၂၈၂ သန်းခန့်ဖြစ်ပြီး ပြည်တွင်းရှိ လူဦးရေ ၅၅ သန်း စားသုံးရန်လိုအပ်ချက်မှာ ဆန်တန် ၉ ဒသမ ၄၀၂ သန်းဖြစ်သည့်အတွက် ပြည်ပတင်ပို့နိုင်မှု ပမာဏမှာ ၂ ဒသမ ၈၈ သန်းခန့် ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဩဂုတ်လကုန်အထိ ပြည်ပတင်ပို့နိုင်မှု ပမာဏမှာ ဆန်တန် ၁ ဒသမ ၃၃၈ သန်းနှင့် ဆန်ကွဲတန်ချိန် သုည ဒသမ ၈၀၈ သန်းသာ ဖြစ်သည့်အတွက် ဩဂုတ်လကုန်တွင် ပြည်တွင်း၌ လက်ကျန်ဆန်တန်ချိန် ၃ ဒသမ ၆၁၅ သန်း ခန့်ရှိကြောင်း၊ ယင်းလက်ကျန်ဆန်များအပေါ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လေးလစာ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ပမာဏမှာ ဆန်တန် ၃ ဒသမ ၁၃၄ သန်းသာဖြစ်ပြီး စက်တင်ဘာလကုန်တွင် ယခုနှစ်မိုးရာသီစိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၅ သန်းမှ စတင်ပေါ်ထွက်လာမည်ဖြစ်၍ ဆန်ပြည်ပသို့ ပုံမှန်အတိုင်း ဆက်လက်တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာမရှိကြောင်း ရှင်းလင်းပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်သီးနှံများအပါအဝင် အခြေခံစားသောက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ပြည်တွင်းစားသုံးမှု ပိုလျှံမှုသာလျှင် ပြည်ပတင်ပို့ခြင်းအား ခွင့်ပြုပေးပြီး ဆန်ပြည်ပတင်ပို့မှုတွင်လည်း ပြည်တွင်းဖူလုံမှုကို ဦးစားပေးတွက်ချက် ချန်လှပ်ပြီးမှသာလျှင် စိစစ်၍ စနစ်တကျတင်ပို့ခွင့်ပြုလျက်ရှိကြောင်း၊ လက်ရှိ ပြည်တွင်းဆန်လက်ကျန်အခြေအနေမှာ မိုးစပါးသစ် မထွက်ပေါ်မီအချိန်အထိ ဖူလုံပိုလျှံသည့် ပမာဏဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် ဆန်လက်ကျန်ဖူလုံမှုရှိကြောင်းနှင့် ပြည်သူများအနေဖြင့် မဟုတ်မမှန် သတင်းများအပေါ် စိုးရိမ်ပူပန်မှုများ မဖြစ်ပေါ်စေရန် အသိပေးဖြေကြားအပ်ပါသည်။

**သတင်းစဉ်**



# မတ္တရာမြို့၌ စားသုံးဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပြီး ဆန်များ အခမဲ့ပေးဝေ

**မတ္တရာ ဩဂုတ် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ အခြေခံလူတန်းစားများအား စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခြင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် အလှူရှင်များက ဆန်များ အခမဲ့ဖြန့်ဝေခြင်းကို မတ္တရာမြို့မဈေး တောင်ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ ယနေ့ နံနက် ၇ နာရီမှစတင်၍ ရောင်းချ၊ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အခမဲ့ပေးဝေ**

ထိုသို့ စားသုံးဆီရောင်းချခြင်းနှင့် ဆန်များ အခမဲ့ပေးဝေရာတွင် စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် လူတစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် ပိဿာချိန် ၁၁၀၀ ရောင်းချပေးခဲ့ပြီး လူတစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် လူဦးရေ ၁၅၀၀ အား အခမဲ့ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ဇွန်လအတွင်းကလည်း ပထမအကြိမ်အဖြစ် အခြေခံစားသောက်ကုန်ဖြစ်သော စားသုံးဆီ ပိဿာ ၁၁၀၀ ကို တစ်ပိဿာလျှင် ကျပ် ၆၂၀၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများအပြင် သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများအား လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်တောမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေ တတိယအကြိမ် ထုတ်ချေး

**ပေါက်တော ဩဂုတ် ၂၇**

ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက ပေါက်တောမြို့နယ် မနော်သီရိကျေးရွာ ဒေသခံပြည်သူများအား ရန်ပုံငွေ (တတိယ)အကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ မတည်ရန်ပုံငွေ ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးအား ငွေကျပ် ၂၂၉၃၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအား ငွေကျပ် ၂၀၀၀၀၀၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးအားငွေကျပ် ၅၉၄၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအားငွေကျပ် ၁၆၀၀၀၀၀ စသည်ဖြင့် အသင်းသူအသင်းသားစုစုပေါင်း ၂၀၃ ဦးအား ရန်ပုံငွေကျပ်စုစုပေါင်း ၃၂၄၇၀၀၀၀ ကို ကျေးရွာအရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၆,၉၉၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၉) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၁)ဦးအနက် (၅)ဦး (၁၂.၂၀) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃၆)ဦး (၈၇.၈၀) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၁၃,၅၇၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၉၂၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၄၂၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၁၂.၂၀) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃၆) ဦး | (၈၇.၈၀) % |
| **စုစုပေါင်း** | **(၄၁) ဦး** | **(၁၀၀) %** |

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၉၇၀၀၀၇ | ၉၁၄၁၉၃၆၃ | ၁၀၆၈၈၄၃ |
| ၂။ | အိန္ဒိယ | ၄၄၃၉၈၆၉၆ | ၄၃၇၈၃၇၈၈ | ၅၂၇၅၉၇ |
| ၃။ | ပြင်သစ် | ၃၄၄၄၆၈၅၄ | ၃၃၈၉၉၁၈၃ | ၁၅၃၈၅၇ |
| ၄။ | ဘရာဇီး | ၃၄၃၆၈၉၀၉ | ၃၃၃၆၀၇၇၂ | ၆၈၃၄၆၄ |
| ၅။ | ဂျာမနီ | ၃၂၀၄၁၃၄၈ | ၃၁၀၄၇၀၀၀ | ၁၄၇၁၀၄ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၆၂၇၈၀ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၂၈၉၈၅၂၃ | ၂၀၆၆၇၈၂၆ | ၂၆၄၉၉ |
| ၈။ | အီတလီ | ၂၁၇၆၇၀၆၀ | ၂၀၈၉၄၀၁၂ | ၁၇၅၂၂၆ |
| ၉။ | ရုရှား | ၁၉၃၅၉၀၆၆ | ၁၈၄၆၇၇၃၈ | ၃၈၄၀၀၀ |
| ၁၀။ | ဂျပန် | ၁၈၁၈၀၄၂၅ | ၁၆၀၇၅၀၆၇ | ၃၈၅၂၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၀၁၅၉၇ | ၁၀၁၄၀၂၀၄ | ၄၃၁၁၁ |
| ၂။ | အင်ဒိုနီးရှား | ၆၃၄၃၀၇၆ | ၆၁၃၇၃၉၄ | ၁၅၇၄၉၃ |
| ၃။ | မလေးရှား | ၄၇၇၁၅၁၂ | ၄၆၉၉၅၈၄ | ၃၆၁၉၁ |
| ၄။ | ထိုင်း | ၄၆၄၄၆၄၃ | ၄၅၉၄၃၃၁ | ၃၂၁၉၈ |
| ၅။ | ဖိလစ်ပိုင် | ၃၈၇၂၄၀၅ | ၃၇၈၀၉၈၅ | ၆၁၆၁၃ |
| ၆။ | စင်ကာပူ | ၁၈၂၉၃၆၁ | ၁၇၅၀၁၆၃ | ၁၅၈၈ |
| ၇။ | မြန်မာ | ၆၁၄၉၂၉ | ၅၉၃၄၂၉ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၇၃၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၅၃၈ | ၁၃၄၃၂၁ | ၃၀၅၆ |

## ဖျာပုံခရိုင်၌ အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ရန် ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများ တွေ့ဆုံဆွေးနွေး

ဖျာပုံ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် မြို့နယ်များမှ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် နွေစပါးရာသီတွင် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရန် ဆန်စက်လုပ်ငန်းရှင်များနှင့်တောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က နွေစပါးရာသီတွင် အကျိုးတူကန်ထရိုက် လယ်ယာစနစ်ဖော်ဆောင်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒေသကော်မတီ–၅ ဥက္ကဋ္ဌ ဦးသောင်းဝင်းက နွေစပါးရာသီတွင် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရန် ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသော ဖျာပုံခရိုင်အတွင်းရှိ (ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး) မြို့နယ်များမှ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများက သိရှိလိုသည်များနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ တွေ့ကြုံရမည့်အခက်အခဲများ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေကျင်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ရွှေကျင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် ရွှေကျင်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ရွှေကျင်မြို့နယ် စစ်ဗျူဟာ(အခြေချ) ရွှေကျင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ဖုန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်းမှ တာဝန်ခံဒေါ်စန်းစန်းဦး၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၂၃၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၅၀၀၀၀ တို့ကို ရွှေကျင်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းအပေါ် မူပိုင်ခွင့်ချိုးဖောက်၍ တရားစွဲဆို




ဝါရှင်တန် ဩဂုတ် ၂၇

အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ၎င်း၏မိတ်ဖက် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှုဆိုင်ရာ မူပိုင်ခွင့်ချိုးဖောက်သည့်အတွက် တရားစွဲဆိုထားကြောင်း သိရသည်။

Pfizer နှင့် BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၆ ခုနှစ်ကာလအတွင်း Moderna ဆေးဝါးကုမ္ပဏီ တင်သွင်းထားသည့် mRNA နည်းပညာဆိုင်ရာ မူပိုင်ခွင့်များကို ချိုးဖောက်ထားကြောင်း Moderna ဆေးဝါးကုမ္ပဏီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီတို့သည် Moderna ဆေးဝါးကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ Moderna ဆေးဝါးကုမ္ပဏီမှ မူပိုင်ခွင့်တင်သွင်းထားသည့် mRNA နည်းပညာအပေါ်အခြေခံပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထုတ်လုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တရားစွဲဆိုခြင်းဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီက ဆိုသည်။

သို့သော် Pfizerနှင့် BioNTech တို့ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဈေးကွက်မှ ဖယ်ရှားပစ်ရန် မရည်ရွယ်ကြောင်းနှင့် ဆက်လက်ဖြန့်ချိရောင်းချသွားမှုကိုလည်း ပိတ်ပင်တားမြစ်ခြင်းမရှိကြောင်း Moderna ဆေးဝါးကုမ္ပဏီက ဆိုသည်။ BioNTech ဆေးဝါးကုမ္ပဏီ၏ ကိုယ်ပိုင် mRNA နည်းပညာအပေါ်အခြေခံပြီး Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်သည့်အတွက် Moderna ဆေးဝါးကုမ္ပဏီ၏ တရားစွဲဆိုခြင်းအပေါ် အံ့အားသင့်မိကြောင်း Pfizer ဆေးဝါးကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို သတင်းအေဂျင်စီများက သတင်းဖော်ပြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ၌ ရုတ်တရက်ရေကြီးမှုကြောင့် ၄၅ ဦးသေဆုံးပြီး ၁၁၃ ဦး ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၇

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းရာမှတစ်ဆင့် ရုတ်တရက်ရေကြီးမှုနှင့် အခြားဆက်စပ်သောဖြစ်စဉ်များကြောင့် အနည်းဆုံး ၄၅ ဦးသေဆုံးပြီး ၁၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ဩဂုတ် ၂၆ ရက် ညနေပိုင်းအချိန် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်သည် ရုတ်တရက်ရေကြီးမှုဒဏ် အခံရဆုံးပြည်နယ်ဖြစ်ပြီး ၃၃ ဦး သေဆုံးကာ ၉၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ခိုင်ဘာပက်တွန်ခွာပြည်နယ် အနောက်မြောက်ပိုင်း၌ ၁၀ ဦးသေဆုံးကာ ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပန်ဂျက်ပြည်နယ် အရှေ့ပိုင်း၌ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ မုတ်သုံမိုးကြောင့် သေဆုံးသူပေါင်း ၉၈၂ ဦးအထိ မြင့်တက်မှုရှိခဲ့ပြီး ၁၄၅၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။

လက်ရှိတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်ဒေသများ၌ ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၊ အခြားသောအစိုးရအေဂျင်စီများ၊ စေတနာ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုများကို တုံ့ပြန်ရာတွင် အကူအညီပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းအား ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က မေတ္တာရပ်ခံထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# အိန္ဒိယနိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် တစ်သောင်းအောက်ကျဆင်း

နယူးဒေလီ ဩဂုတ် ၂၇

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၂၀ ရှိခြင်းကြောင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် တစ်သောင်းအောက် ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသပေါင်း ၄၄၃၉၈၆၉၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၇၃၁၁ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၇၅၉၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။



အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၂၈၇၅ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၇၈၃၇၈၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၁၃၉၈၁၄၄၄ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် ဩဂုတ် ၂၆ ရက်အထိ ကာလအတွင်း အိန္ဒိယနိုင်ငံ၌ ၈၈၄၇၂၀၂၅၀ အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ကမ္ဘာတစ်ဝန်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း သန်း ၆၀၀ ကျော်ရှိ

ဝါရှင်တန် ဩဂုတ် ၂၇

ကမ္ဘာတစ်ဝန်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း သန်း ၆၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဂျွန်ဟော့စ်ကင်း တက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။

အဆိုပါရောဂါကူးစက်ခံရသည့်နိုင်ငံများအနက် အမေရိကန်နိုင်ငံသည် ရောဂါကူးစက်ခံရသူ ၉၄ သန်းကျော်ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး အိန္ဒိယနိုင်ငံသည် ၄၄ သန်းကျော်နှင့် ပြင်သစ်နိုင်ငံသည် ၃၅ သန်းခန့်ဖြင့် ဒုတိယနှင့် တတိယအများဆုံး ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ရောဂါကူးစက်ခံရသည့်နိုင်ငံများအနက် အဆင့် ၁၀ တွင်ရှိပြီး ကူးစက်ခံရသူအရေအတွက် ၁၈ သန်းကျော်ရှိသည်။

သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအရေအတွက် လျော့ကျလာလျက်ရှိကြောင်း ပြောကြားသည်။

အချို့သောနိုင်ငံများ၌ ရောဂါကူးစက်မှုကို သေချာစွာစစ်ဆေးရန် အားနည်းနေသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်နိုင်ငံ၌ သီတင်းတစ်ပတ်အတွင်း ကလေးငယ် ရှစ်သောင်းခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၇

အမေရိကန်နိုင်ငံ၌ ဩဂုတ် ၁၈ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းတစ်ပတ်အတွင်း ကလေးငယ်ရှစ်သောင်းခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကလေးငယ် ၁၄ ဒသမ ၄ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်သီတင်းလေးပတ်အတွင်း ကလေးငယ်ပေါင်း ၃၅၈၀၀၀ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် အမေရိကန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ကလေးငယ်ပေါင်း ၆ ဒသမ ၅ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၅ သန်းကျော်ရှိပြီး ၉၁ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာခဲ့ကာ တစ်သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၄ ဦး ထပ်မံသေဆုံး

မနီလာ ဩဂုတ် ၂၇

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၆၁၃ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၅၆၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၇၂၄၀၅ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၈၀၇ ဦး ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၆၅ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# မြန်အောင်ခရိုင်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း ဖွင့်လှစ်

မြန်အောင် ဩဂုတ် ၂၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၇)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပုသိမ်)မှ ဖွင့်လှစ်သည့် ခရိုင်အဆင့် ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး(ရက်တို) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်အောင်ခရိုင်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၇) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပုသိမ်)မှ ဒုရဲမှူးကျော်မျိုးသိန်းက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ သင်တန်းသား ၄၅ ဦးကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း အမှတ်(၇)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)မှ ဒုရဲမှူးကျော်မျိုးသိန်းက ပြောသည်။

မြန်အောင်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ စက်မှုကုန်ကြမ်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် ယာဉ်များသိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် ကုန်တင်ယာဉ် ခြောက်စီးပေါ်မှ အကောက်ခွန်မဲ့ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ဖိနပ်များ၊ အဝတ်လျှော်ဆပ်ပြာဆီအထုပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ကားအပိုပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၅၁၈၅၂) နှင့် အဆိုပါ ပစ္စည်းတင်ဆောင်လာသော နောက်တွဲယာဉ် လေးတွဲနှင့် ကုန်တင်ယာဉ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၈၀၅၁၈၅၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပိုင်ရှင်မှစွန့်လွှတ်ကြောင်း တင်ပြလာသော KN 95 Mask နှင့် Surgical Mask များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ဆေးဝါးမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၈၀၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ဘားအံမြို့ သံလွင်တံတားစုပေါင်းစစ်ဆေးရေးဂိတ်၌ သိမ်းဆည်းရမိသည့် စားသုံးဆီများ မှတ်တမ်းဓာတ်ပုံ။

## အရေးယူဆောင်ရွက်လျက်ရှိ

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာ မဟာဝိဇိတာရာမ ကျောင်းတိုက်အနီး၌ ကျွန်းပါကေးအကြမ်းတုံး သုည ဒသမ ၅၇၃၄ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၄၄၄)နှင့် အဆိုပါ သစ်များတင်ဆောင်လာသော ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၇၈၄၄၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၆ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ ကားကြီးကွင်းတွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့စဉ် ကားကြီးကွင်း အတွင်းပတ်လမ်း၌ မသင်္ကာဖွယ် ဂျပ်ဖာနှစ်ဖာအား တွေ့ရှိ၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားမဝင်ဆေးဝါးမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဘားအံမြို့ သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် ယာဉ်သုံးစီးပေါ်မှ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် စားသုံးဆီများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်သုံးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ အားဖြည့်အချိုရည်များနှင့် စားသုံးဆီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၄၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း ကျွန်းသစ်နှင့် အခြားသစ်မျိုးစုံ ၈ ဒသမ ၉၅၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၄၉၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၃၊ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၉၆၀၈၇၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကော့မှူးမြို့နယ် အမှတ်(၁)ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

ကော့မှူး ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကော့မှူးမြို့နယ် အမှတ်(၁)ချောင်း သဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့တွင် ကော့မှူး-သရက်တောကားလမ်းအနီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လှမွန်တင့်နှင့် ဝန်ထမ်းများ၊ လေးထောင့်ကန်နှင့် လှော်ကားငါးလုပ်ငန်းစခန်းများမှ တာဝန်ခံနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး နှစ်လက်မအရွယ် ငါးခုံးမကြီးနှစ်သိန်းခွဲနှင့် ငါးမြစ်ချင်းနှစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၈-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ခေတ္တုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီဗိုကရေစီဆိုသည်မှာ
၀၉:၁၀ တရုတ်ကာတွန်း "ပန်းနုဂါးမိုးလေတံတား" (အပိုင်း-၆)
၀၉:၄၀ အင်းခရမ်းချဉ်
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ ဂီတစာဆိုမောင်ကြေးမုံအမှတ်တရတေးဂီတ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၂)
၁၁:၄၅ အသိပညာနှင့်အမှန်တရား
၁၂:၃၀ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် "ပန်းစကား"
၁၆:၃၅ စကားပုံများမှမှတ်သားစရာ
၁၆:၄၅ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ
၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ခရီးသွားဗိုးဒိုးတန်းများ'

### mitv

07:02 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
07:08 Great Shwedagon - The Prayer Halls And Buddha Images (Part-1)
07:35 Mote Pel Sote from Intaing Village
07:44 Clam Farming
08:01 Kyaukse Cement Plant
08:16 Today Myanmar
08:25 Tobacco Pipe Making Business (Ywar Lut Village)
08:31 Home Grown Treasure (Part-2)
09:01 News
09:27 Global Partnership for Brighter Future: Botswana Pavilion at Expo 2020 Dubai
09:33 Discovering Tribes: Akha- Their Life and Customs (Part-2)
10:01 Myanmar Puppeteers (Chinlone)

### MRTV NRC

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)

ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
နှလုံးသားထဲကထာဝရဂိဒ်ရေကန်

ချင်း(ဒိုင်) (၀၈:၀၀ မှ ၀၉:၀၀)
လည်ပတ်ချင်စရာချစ်ကျေးရွာ(အပိုင်း-၂)

မွန် (၀၉:၀၀ မှ ၁၁:၀၀)
ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
မဏိစန္ဒာနှင့်ပုလဲစိန်(ပြုံးပဒေသာ)

ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)
ရှမ်းရိုးရာနန်တုံဟင်းလျာ

ဝ (၁၅:၀၀ မှ ၁၇:၀၀)
မတူညီသောပုံရိပ်များ(အပိုင်း-၁)(ဇာတ်လမ်း)

ကချင် (၁၇:၀၀ မှ ၁၉:၀၀)
'ဝ'ဥစိုက်မယ်

ကယား (၁၉:၀၀ မှ ၂၁:၀၀)
ဇီဇိယရှိသောကြက်မ(ပုံပြင်)

စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)

အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်လေးသို့

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ ကြိုးစားရှာဖွေရာပညာတမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ရတနာတန်းဝင်ရွှေကျွန်းပင်
၀၇:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
၀၇:၁၅ တောင်သူများအတွက်အကျိုးရှိဖို့စီပင်စိုက်/ သုကုလားပဲခြံသို့လေ့လာစို့
၀၈:၅၀ ပျိုးတို့ဌာနေဘ၏အရပ်ဆိတ်ဝယ် ပျော်စံလျက်ရှိ သောကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဓလေ့
၀၉:၁၅ အနာဂတ်လှသောပိန်းဥ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဧရာဝတီတိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**ပုသိမ် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေးနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးတို့ကို ရည်ရွယ်၍ ပုသိမ်မြို့ အမှတ်(၃၆) မှန်စက်ရုံဝင်းအတွင်း၌ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ယူကလစ်၊ မန်ကျည်းရှားအစရှိသည့် ပျိုးပင်ပေါင်း ၁၀၂၁ ပင်အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ပေါ်လမ်း ပုသိမ်တက္ကသိုလ်ရှေ့ လူသွားလမ်းဖောက်လုပ်ရန် အောက်ခံမြေသားအမာခံရရှိရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်ကြားရှိ တက်ဆိပ်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဗေဒါနှင့် အမှိုက်များ ဆယ်ယူနေမှုကိုလည်းကောင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပုသိမ်မြို့ ရှောင်လမ်းချဲ့ခြင်း၊ မြေတူးခြင်းနှင့်အမာခံကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆွေးနွေး

**လားရှိုး ဩဂုတ် ၂၇**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူတို့သည် ဩဂုတ် ၂၇ ရက် နံနက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (Grade-11 စနစ်ဟောင်း) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို အထက်တန်းပြဆရာ ဆရာမများမှ သက်ဆိုင်ရာဘာသာရပ်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရေး၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုနိုင်ရေး၊ ထူးချွန်စွာအောင်မြင်ရေးနှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်း မြင့်မားစေရေးအတွက် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေဖြင့် ၂၀၂၂ ခုနှစ်တွင် မြို့နယ် ၁၇ မြို့နယ်၌ စာဖြေဌာနပေါင်း ၂၆ ဌာန ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူပေါင်း ၆၆၀၆ ဦး လျှောက်ထားခဲ့ရာ ၅၉၁၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူပေါင်း ၂၅၆၉ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်ချက်ရာခိုင်နှုန်းမှာ ၄၃ ဒသမ ၄၅ ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံးတွင် အဆင့် ၁၃ ရရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ တက္ကသိုလ်ဝင်တန်း အောင်ချက်သည် ရှမ်း(တောင်)၊ ရှမ်း(ရှေ့)၊ ရှမ်း(မြောက်) တို့အနက် အောင်ချက်အကောင်းဆုံး ရရှိခဲ့သည့်အတွက် ယခုနှစ်တွင်လည်း အစဉ်အလာကို ဆက်လက်ထိန်းရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မူဆယ်မြို့နယ် အောင်ချက်သည် ၅၅ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် ရှမ်း(မြောက်)တွင် ပထမအဆင့်ရှိသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဘာသာရပ်အလိုက် တက်ရောက်ကြမည့် ဆရာ ဆရာမဦးရေမှာ မြန်မာစာ ၁၃၂ ဦး၊ အင်္ဂလိပ်စာ ၁၄၅ ဦး၊ သင်္ချာ ၁၄၃ ဦး၊ ဓာတုဗေဒ ၁၃၅ ဦး၊ ရူပဗေဒ ၁၂၇ ဦး၊ ဇီဝဗေဒ ၉၀၊ ပထဝီဝင် ၃၅ ဦး၊ သမိုင်း ၃၅ ဦး၊ ဘောဂဗေဒ ၁၂၂ ဦး စုစုပေါင်း ၉၆၄ ဦး တက်ရောက်သင်ကြား ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၈၀ နှင့် ပါမောက္ခနည်းပြဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးတို့က ပေးအပ်ရာ ရှမ်းပြည်နယ်ပညာရေးမှူး (ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးနှင့် လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်တို့က လက်ခံရယူသည်။

အဆိုပါရှမ်းပြည်နယ် (မြောက်ပိုင်း) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၉၂၃ ဦး တက်ရောက်၍ ရှစ်နေရာခွဲကာ ဩဂုတ် ၂၇ မှ ၂၈ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လျင်မြန်စွာအကျိုးအမြတ်ဖြစ်ထွန်းနိုင်သော ဆိတ်၊ ကြက် မွေးမြူထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်

**ဘားအံ ဩဂုတ် ၂၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်ထားသော ဘားအံမွေးမြူရေးဇုန်အတွင်း တောင်သူများ လုပ်ငန်းတိုးတက်ဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးရာ မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်က ဇုန်အတွင်း တိရစ္ဆာန်ကောင်ရေ တိုးတက်မွေးမြူမှု၊ စိုက်ပျိုးရိတ်သိမ်းကျွေးမွေးသည့် Cut & Carry စနစ်ဖြစ်သည့်အတွက် တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်မှု၊ ဇီဝလုံခြုံမှုနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ မွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်က ဇုန်အတွင်း သန့်ရှင်းရေးစနစ်၊ အစာ၊ ဆေးဝါးနှင့် ရေ၊ မီး ရရှိမှုအခြေအနေများကို လည်းကောင်း၊ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က တောင်သူများ ဝင်ငွေပြန်လည်ရရှိမှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမွေးမြူရေးဇုန်၏ ထုတ်လုပ်မှုပမာဏကို သိရှိနိုင်ရေး စာရင်းပြုစု၍ လစဉ်တင်ပြပေးရန်၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ရှစ်ဘီလီယံကို မတည်ထောက်ပံ့ပေးထားပြီး အဆိုပါငွေဖြင့် လျင်မြန်စွာအကျိုးအမြတ်ဖြစ်ထွန်းနိုင်သော ဆိတ်၊ ကြက် မွေးမြူထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးအောင်ကျော်သူ၏ သိုး၊ ဆိတ် မွေးမြူရေးခြံ၊ တောင်သူဦးကျော်မြင့်၏ အသားစားနွားမွေးမြူရေးခြံ၊ တောင်သူနော်မမခိုင်၏ ဥစားကြက်မွေးမြူရေးခြံတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း ရေရရှိရေးလုပ်ငန်း Pump House (15 x 12 x 10) တည်ဆောက်ပြီးစီးမှုနှင့် 100 KVA ထရန်စဖော်မာ တပ်ဆင်ပြီးစီးခြင်း လုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၂၅ | ၂၆၂၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၀ | ၃၁၄၀ |
| 95 Ron | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၁၀ | ၂၅၉၀ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၂၀၅ |
| HSD (500 ppm) | ၃၁၉၅ | ၃၂၄၅ | ၃၂၃၅ | ၃၂၀၅ | ၃၂၄၀ | ၃၂၆၅ | ၃၂၆၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၃၅ | ၃၂၃၅ | ၃၂၄၀ | ၃၂၈၀ | ၃၂၈၀ | ၃၂၈၀ | ၃၅၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၈၂ | ၂၄၆၄ |
| 95 Ron | ၂၄၄၃ | ၂၅၂၆ |
| HSD (500 ppm) | ၃၀၆၃ | ၃၁၅၄ |
| HSD (50 ppm) | ၃၁၄၁ | ၃၂၃၃ |
| HSD (10 ppm) | ၃၁၄၁ | ၃၂၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၀၂၂ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၂ ခုနှစ် မိုးနှောင်းကာလ သတ်မှတ်ခြင်း**

၂၀၂၂ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။

(က) စက်တင်ဘာ ၁၃ – ၁၈ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊

( ခ ) စက်တင်ဘာ ၁၉ – ၂၄ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ လည်းကောင်း၊

( ဂ ) စက်တင်ဘာ ၂၅ – ၃၀ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊

(ဃ) အောက်တိုဘာ ၁ – ၇ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**၂၀၂၂ ခုနှစ် စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃–၁၈ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ၁၉ – ၂၄ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ၂၅–၃၀ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ၁၆ ရက်မှ ရက် ၂၀ ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်

**မုံရွာ သြဂုတ် ၂၇**

တန်ဖိုးမြင့် စားသောက်ကုန် (Bakery) အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) စားရိပ်သာခန်းမ(၂) ၌ ကျင်းပသည်။

**အင်အားစုတစ်ရပ်**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လူငယ်များ သမာအာဇီဝကျကျ လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ နည်းပညာသင်တန်းများကို ဖွင့်လှစ်ပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ တန်ဖိုးမြင့်စားသောက်ကုန် (Bakery) အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းကို ရက်သတ္တပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုမှ ပြိုင်ပွဲဝင် အားကစားသမား ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများသည် အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင် (၁၀၀)သို့ရောက်ရှိရာ ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရပြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမွန်သည့်မျိုးစေ့များ ထုတ်လုပ်ရေးမှာကြား

**လှိုင်ကော် သြဂုတ် ၂၇**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး သုတေသနဦးစီးဌာန လှိုင်ကော် စိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လှိုင်ကော် စိုက်ပျိုးရေးသုတေသနခြံမှတာဝန်ခံ ဦးတင်မောင်ဆင့်က အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ မတ်ပဲ၊ ယာစပါးသီးနှံမျိုးများကို စမ်းသပ်သုတေသနပြု စိုက်ပျိုးထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလှိုင်က စိုက်ပျိုးရေး သုတေသနခြံမှ စမ်းသပ်အောင်မြင်သည့် မျိုးစေ့များကို တောင်သူများ လက်ဝယ်သို့ ရောက်ရှိရေး၊ နည်းပညာပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှ အဓိကထားဖော်ဆောင်နိုင်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးရွာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သောမျိုးများကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရေး၊ နည်းပညာများအသိပညာပေးရေးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများက စိုက်ပျိုးရေးရာသီအမီ ကြိုတင်စီမံဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုင်ကော် စိုက်ပျိုးရေးသုတေသနခြံအတွင်းရှိ စိုက်ကွင်းများတွင် စမ်းသပ်သုတေသနပြု မျိုးစေ့များမှ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ မတ်ပဲ၊ ယာစပါး စသည့်စိုက်ခင်းများ၏ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှိုင်ကော် စိုက်ပျိုးရေးသုတေသနခြံအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် လှိုင်ကော်မြို့၌ အစေ့ထုတ်ပြောင်း သုတေသနလုပ်ငန်း စမ်းသပ်ကွက်ငါးကွက်မှ စုစုပေါင်း မျိုးအရေအတွက် ၆၅ မျိုး၊ ပဲပုပ် သုတေသနစမ်းသပ်ကွက် ငါးကွက်မှ စုစုပေါင်းမျိုးအရေအတွက် ၃၀၊ မတ်ပဲ သုတေသနလုပ်ငန်း စမ်းသပ်ကွက် နှစ်ကွက်မှ စုစုပေါင်းမျိုးအရေအတွက် ၁၈ မျိုး၊ ယာစပါး သုတေသနလုပ်ငန်း တစ်ကွက်မှ စုစုပေါင်းမျိုးအရေအတွက် ၁၈ မျိုးကို သုတေသနပြု စမ်းသပ်စိုက်ပျိုးထားပြီး အဆိုပါ မျိုးစေ့များကိုတောင်သူများလက်ဝယ်သို့ စိုက်ပျိုးရာသီအမီ ရောက်ရှိနိုင်ရေးနှင့် စိုက်ဧကအထွက်တိုးကောင်းစေရေးအတွက် တောင်သူအသိပညာပေး စိုက်ပျိုးရေးနည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၃၀၀၀၀ ကျော် ထုတ်ချေးပေးထား

**မန္တလေး သြဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၂ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၃၀၀၀၀ ကျော်ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်မှ စိုက်ပျိုးရေးတောင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်းပေါင်း ၅၀၄၀၄ သန်းကို ခွင့်ပြုထားပြီး ဇွန်လမှစတင်၍ စပါးနှင့် အခြားသီးနှံစိုက်ပျိုးသည့်တောင်သူများကို ထုတ်ချေးပေးလျက်ရှိရာ သြဂုတ် ၂၂ ရက်အထိ တောင်သူဦးရေ ၅၀၀၀၀ ကျော်အတွက် ချေးငွေကျပ် ၃၀၈၁၄ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောသည်။

“တောင်သူတွေအတွက် နှစ်စဉ်ချေးငွေကို မိုး၊ ဆောင်း၊ မိုးကြိုငွေဆိုပြီး ထုတ်ချေးငွေပေးလျက်ရှိပါတယ်။ စပါးတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နဲ့ အခြားသီးနှံတွေဖြစ်တဲ့ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပြောင်း၊ ပဲပုပ် စတဲ့ သီးနှံတွေကိုတော့ တစ်ဧကကို ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးတာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဆန်စပါးဖူလုံစေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေတာပါ” ဟု ၎င်းက ရှင်းပြသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ် ၂၃ မြို့နယ်အတွင်းရှိ ကျေးရွာ ၆၂၃ ရွာ၊ တောင်သူပေါင်း ၅၀၀၂၆ ဦးတို့၏ စပါးနှင့် အခြားသီးနှံဧကပေါင်း ၂၆၉၈၆၉ ဧကတို့အတွက် ထုတ်ချေးပေးပြီးဖြစ်ကာ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း စက်တင်ဘာ ၃၀ ရက် မတိုင်မီအထိ ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**





# လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေး

**ညောင်လေးပင် သြဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့သစ်လုပ်ငန်း၊သစ်ထုတ်လုပ်ရေး(ပဲခူးဒေသ)ရုံးမှ အာမခံအလုပ်သမားဦးသိန်းဝင်း၏ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအားအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့တွင် ညောင်လေးပင်မြို့ရှိ သစ်ထုတ်လုပ်ရေး(ပဲခူးဒေသ)ရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ လူမှုခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား နာရေးစရိတ် ငွေကျပ် ဆယ်သိန်းရှစ်သောင်းကြိုပေးပြီးအပါအဝင် အကျိုးခံစားခွင့် ငွေကျပ်စုစုပေါင်း ၁၁၈ သိန်း ၈ သောင်း ထုတ်ပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးနည်းစနစ် အကွာပိုးနစ်(Aquaponic)

ခိုင်ထက်(M.Sc)၊ မွေးသု


### ရာသီဥတုပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပူနွေးလာရသည့် အကြောင်းရင်းများ

ရေးရှပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်း၊ သစ်တောများခုတ်လှဲခြင်းနှင့် တိရစ္ဆာန်များမွေးမြူခြင်းတို့ဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာမြေကြီးအပူရှိန်တိုးမြင့်ခြင်းအပေါ် လွှမ်းမိုးစေပါသည်။ ယင်းတို့မှ ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးပွားလာစေမှုကြောင့် ကမ္ဘာ့လေထု၏အပူချိန် တဖြည်းဖြည်းမြင့်တက်လာပြီး ကမ္ဘာကြီးကို ပူနွေးလာစေပါသည်။

မှတ်တမ်းများအရ ၂၀၁၁-၂၀၂၀ ဆယ်စုနှစ်သည် အပူနွေးဆုံးကာလတစ်ခုဖြစ်ခဲ့ပြီး စက်မှုခေတ် ၂၀၁၉ ခုနှစ်မတိုင်မီ ကမ္ဘာ့ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၁ ဒီဂရီဆဲစီးယပ် မြင့်တက်ခဲ့ပါသည်။ လူတို့ပြုလုပ်မှုကြောင့် ကမ္ဘာကြီးပူနွေးမှုသည် ဆယ်စုနှစ်တစ်ခုလျှင် သုည ဒသမ ၂ ဒီဂရီဆဲစီးယပ်နှုန်းဖြင့် မြင့်တက်လျက်ရှိပေသည်။

### ဖန်လုံအိမ်ဓာတ်ငွေ့များ(Greenhouse Gases)


ရာသီဥတုပြောင်းလဲရသည့် အဓိကအကြောင်းရင်းမှာ ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့်ဖြစ်ပြီး သဘာဝကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပေါ်နေသော်လည်း လူတို့၏လုပ်ငန်းဆောင်ရွက်မှုများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့-($CO_2$)၊ မီသိန်းဓာတ်ငွေ့-($CH_4$)၊ နိုက်ထရပ်အောက်ဆိုက်-($NO_2$) နှင့် ဖလူအိုရီနိတ်တက်ဓာတ်ငွေ့များ (Fluorinated gases: hydrofluorocarbons - HFCs နှင့် perfluorinated carbons-PFCs) တို့သည် ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုကို မြင့်တက်စေပါသည်။




လုပ်ငန်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် သွယ်ဝိုက်ထုတ်လွှင့်မှုပြပုံ။


### ငါးမွေးမြူရေးလုပ်ငန်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု

ငါးမွေးမြူရေးသည် ကုန်းနေတိရစ္ဆာန်များ (အထူးသဖြင့်စားမြုံ့ပြန်သတ္တဝါများ)နှင့် နှိုင်းယှဉ်ပါက ငါးများ၏ မွေးဖွားနှုန်းနှင့် ရှင်သန်နှုန်းသည် ပိုမိုမြင့်မားခြင်းကြောင့် ဇီဝဗေဒအရထိရောက်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာအချက်အလက်များကို သတိပြုရန် (ဥပမာ။ မြေနှင့်ရေ ယှဉ်ပြိုင်အသုံးပြုမှု၊ အစာထုတ်လုပ်မှု၏ သက်ရောက်မှုများ၊ ရေထုညစ်ညမ်းစေခြင်း၊ ပဋိဇီဝဆေးခံနိုင်ရည်ရှိလာခြင်း)နှင့် အကျိုးဆက်များကို သိပ္ပံနည်းကျပွင့်လင်းစွာ ဖော်ပြရန်တို့ဖြစ်ပါသည်။




စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုနှင့် မတူညီသည့်(ကာဗွန်၊ နိုက်ထရိုဂျင်)ဓာတ်ငွေ့များ ထုတ်လွှင့်မှုပြပုံ။

ငါးမွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်မည်ဆိုပါက ငါးလုပ်ငန်းကဏ္ဍနှင့် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြား ဆက်စပ်သည့်အကြောင်းရင်းနှင့် မည်ကဲ့သို့လျှော့ချနိုင်သည်ကိုလည်း သိရှိရန်လိုအပ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအနေဖြင့် ငါးမွေးမြူရေးကဏ္ဍမှ သုည ဒသမ ၄၉ ရာခိုင်နှုန်းဖြစ်ပြီး အခြားတိရစ္ဆာန်မွေးမြူရေး (ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်)တို့ထက် နည်းပါးသည်။





ငါးအစာအကြွင်းအကျန်နှင့် အညစ်အကြေးများသည် အမိုးနီးယားမှ နိုက်ထရိတ်ဓာတ်ငွေ့အထိ အဆင့်ဆင့်ပြောင်းလဲပုံ။

### Aquaponic နည်းစနစ်ဖြင့် အပင်နှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်း

မြို့ပြ/ကျေးလက် နေရာဒေသမရွေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ အော်ဂဲနစ်စနစ်ထူထောင်နိုင်ခြင်း၊ လူ့စွမ်းအားချွေတာနိုင်ခြင်း၊ ရေအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ခြင်းတို့ကြောင့် Aquaponic နည်းစနစ်သည် ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးစနစ်တစ်ခု ဖြစ်ပါသည်။

**"အကွာပိုးနစ်ဆိုသည်မှာ Aquaculture (ငါး / ပုစွန်မွေးမြူရေး)နှင့် Hydroponic (အာဟာရရည်ဖြင့် မြေမဲ့စိုက်ပျိုးရေး) တို့အား ပေါင်းစပ်ထားသော စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်ပါသည်။ အကွာပိုးနစ်နည်းစနစ်တွင် ငါးမွေးမြူထားသည့်ကန်အတွင်း (ငါးမှစွန့်ထုတ်သော အညစ်အကြေးနှင့် အစာကြွင်းကျန်များမှ) ဖြစ်ပေါ်သည့် အမိုးနီးယား (Ammonia-$NH_3$)ကို Nitrosomonas ဟုခေါ်သော အဏုဇီဝပိုးမွှားလေးများမှ နိုက်ထရစ်($NO_2$)အဖြစ်ပြောင်းလဲပြီး ၎င်းမှတစ်ဆင့် အခြားအဏုဇီဝပိုး(Nitrobacter)မှ နိုက်ထရိတ်($NO_3$) အဖြစ်ပြောင်းလဲကာ အပင်အတွက် လိုအပ်သောအာဟာရထောက်ပံ့ပေးပြီး အပင်မှတစ်ဆင့် ငါးများအတွက် လိုအပ်သည့် ရေအရည်အသွေးပြန်လည်ရရှိရန် အသုံးချပေးခြင်းဖြစ်"**



အဆောက်အအုံအတွင်း ငါး/ ပုစွန်မွေးမြူသည့် ရေပေါ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့်စနစ်ပြပုံ။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သော်လည်း ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ထုတ်လုပ်မှုအရည်အသွေး ပိုမိုတိုးတက်လာစေရေး အလေးပေးဆောင်ရွက်ရန်လိုပါသည်။ ရေထွက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွင် ရေအရည်အသွေးကောင်းမွန်မှုသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေအရည်အသွေးနှင့် ရေပမာဏသုံးစွဲမှုကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းမှ အညစ်အကြေးနှင့် အစာအကြွင်းအကျန်များသည် အမိုးနီးယား၊ ဖော့စဖိတ်ကဲ့သို့ဓာတ်များ မြင့်တက်ကာ ကန်၏ရေအရည်အသွေးကို ကျဆင်းစေ၍ ငါး/ပုစွန်ထုတ်လုပ်မှု ထိခိုက်စေနိုင်သည်သာမက ထိုကဲ့သို့မွေးမြူရေးသုံးရေကို ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ပစ်ပါက ရေမှော်ပေါက်ပွားမှု များပြားစေခြင်း၊ ရောဂါပြန့်ပွားစေနိုင်ခြင်းနှင့် ရေနေသက်ရှိများ အဆိပ်သင့်ခြင်းကဲ့သို့ မလိုလားအပ်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထိုသို့ မကြာခဏ ရေလဲလှယ်ရန်လိုအပ်သည့် ငါး/ပုစွန်မွေးမြူရေးနည်းစနစ်များတွင် သန့်ရှင်းသောရေအလုံအလောက်ရရှိရန် ပြန်လည်စုဆောင်းရခြင်းနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရသော မွေးမြူရေးကန်များတွင် ရေသယံဇာတသုံးစွဲမှုမြင့်မားခြင်းနှင့် ထိုသို့လဲလှယ်ရခြင်းကြောင့် ကန်အတွင်းမွေးမြူထားသည့် ငါး/ ပုစွန်ကိုလည်း စိတ်ဖိစီးခြင်းသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ ထိုကဲ့သို့သောအကြောင်းရင်းများသည် ရေအရင်းအမြစ်နှင့် ရေအရည်အသွေးကို ထိန်းနိုင်သည့် Biofloc၊ Recirculating Aquaculture System၊ Bacillus albus နှင့် Aquaponic System တို့ကဲ့သို့ ငါး/ပုစွန်မွေးမြူရေးနည်းပညာများကို လက်တွေ့လေ့လာ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးမွေးမြူရေးတွဲဖက်ထုတ်လုပ်မှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ဆောင်ရွက်ခဲ့ကြသော်လည်း ခေတ်မီနည်းပညာသုံး စိုက်ပျိုးမွေးမြူရေးစနစ်ကို ၁၉၇၀ ပြည့်နှစ်အစောပိုင်း၌ အမေရိကန်ပြည်ထောင်စုရှိ New Alchemy institute တွင် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ရေအသုံးချမှု ၉၀-၉၉ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ရန်နှင့် အော်ဂဲနစ်သီးနှံထုတ်လုပ်ရန် အကွာပိုးနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သော အချိန်ကာလဖြစ်ပါသည်။

### မြန်မာနိုင်ငံတွင် အကွာပိုးနစ်စနစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ


မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ အကွာပိုးနစ်နည်းစနစ်လက်တွေ့အသုံးချနိုင်ရန်ရည်ရွယ်ချက်ဖြင့် လှော်ကားငါးလုပ်ငန်းစခန်း၌ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် "အဆောက်အအုံအတွင်း ငါးမွေးကန်ပေါ်၌ ဟင်းသီးဟင်းရွက်ပင်စိုက်ပျိုးသည့် (Deep Water Culture-DWC)နှင့်

စာမျက်နှာ ၁၉ သို့

❒ စာမျက်နှာ ၁၈ မှ
သီးသန့်မွေးမြူသည့်စနစ်တို့ နှိုင်းယှဉ်ခြင်း” သုတေသနဆောင်ရွက်ခဲ့ရာတွင် ငါး/ပုစွန်၏ ရှင်သန်ကြီးထွားနှုန်းမှာ သီးသန့်မွေးမြူသည့်နည်းစနစ်ထက် အကွာပိုးနစ်စနစ်၌ ပိုမိုကောင်းမွန်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ မွေးမြူရေးသုတေသနစခန်း (မန္တလေး)တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ၌ “အပင်အား ငါးတစ်မျိုး (Monoculture)နှင့် ငါးတစ်မျိုးထက်ပို၍ အတူယှဉ်တွဲစိုက်ပျိုးမွေးမြူခြင်း (Polyculture)၏ အကျိုးသက်ရောက်မှု”သုတေသနလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာတွင် ငါးတစ်မျိုးတည်းထက်ပို၍ အပင်နှင့်တွဲဖက်ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

**Aquaponic System အကွာပိုးနစ်စနစ်ဆိုသည်မှာ**

အကွာပိုးနစ်ဆိုသည်မှာ **Aquaculture** (ငါး/ပုစွန်မွေးမြူရေး) နှင့် **Hydroponic** (အာဟာရရည်ဖြင့် မြေမဲ့စိုက်ပျိုးရေး) တို့အား ပေါင်းစပ်ထားသော စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်ပါသည်။ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် အမိုးနီးယားပမာဏ (0.5 mg/L) ထက်မကျော်လွန်စေရန်နှင့် ပတ်ဝန်းကျင်သို့စွန့်ပစ်မည်ဆိုပါက အမိုးနီးယားပမာဏ(5 mg/L)အောက်ရှိရန် လိုအပ်ပါသည်။ အကွာပိုးနစ်နည်းစနစ်တွင် ငါးမွေးမြူထားသည့်ကန်အတွင်း (ငါးမှစွန့်ထုတ်သော အညစ်အကြေးနှင့် အစာကြွင်းကျန်များမှ)ဖြစ်ပေါ်သည့် အမိုးနီးယား (Ammonia–$NH_3$)ကို Nitrosomonas ဟုခေါ်သော အဏုဇီဝပိုးမွှားလေးများမှ နိုက်ထရစ် ($NO_2$)အဖြစ် ပြောင်းလဲပြီး ၎င်းမှတစ်ဆင့် အခြားအဏုဇီဝပိုး(Nitrobacter)မှ နိုက်ထရိတ်($NO_3$)အဖြစ်ပြောင်းလဲကာ အပင်အတွက် လိုအပ်သောအာဟာရ ထောက်ပံ့ပေးပြီး အပင်မှတစ်ဆင့်ငါးများအတွက် လိုအပ်သည့်ရေအရည်အသွေးပြန်လည်ရရှိရန် အသုံးချပေးခြင်းဖြစ်သည်။




ငါး/ပုစွန်မွေးမြူရေးမှစွန့်ပစ်ရေကို သီးနှံအပင်မှအသုံးပြု၍ ရေသန့်စင်သည့်စနစ်။

**အကွာပိုးနစ်စနစ်သုံးမျိုး**

Aquaponic စနစ်ဖြင့် အပင်နှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူရာတွင် ငါးအမျိုးအစားတိုင်းနှင့် သီးနှံပင်အမျိုးအစားတိုင်း စနစ်တစ်ခုတည်းတွင် တွဲဖက်၍ စိုက်ပျိုးမွေးမြူနိုင်သည်မဟုတ်ဘဲ အမျိုးအစားအလိုက် သင့်တော်သည့်စနစ်ဖြင့် တွဲဖက်၍ စိုက်ပျိုးမွေးမြူမှသာ ရေရှည်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ Aquaponic System စိုက်ပျိုးမွေးမြူရေးစနစ်တွင် အသုံးများသည့် နည်းစနစ်သုံးမျိုးမှာ– ရေပေါ်တွင်ပေါ်နိုင်သည့်အလွှာဖြင့် စိုက်ပျိုးသည့်စနစ်(Deep Water Culture–DWC)၊ ပိုက်လိုင်းတွင် ရေဖြတ်သန်း၍ စိုက်ပျိုးသည့်စနစ် (Nutrient Film Technique–NFT)နှင့် မြေကျစ်ခဲအလွှာဖြည့်၍ စိုက်ပျိုးသည့်စနစ် (Media Filled Bed–MFB) တို့ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူမည့်နေရာဒေသ၊ ရာသီဥတုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင်မူတည်၍ နည်းစနစ်ကို ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။ သုတေသနပြုဆောင်ရွက်ချက်များအရ အကွာပိုးနစ်စနစ်သည် အမိုးအကာ၊ အဆောက်အအုံအတွင်း (Inside ware house) ထိန်းချုပ်မှုစနစ်ဖြင့် စိုက်ပျိုးမွေးမြူပါက ပိုးမွှား၊ တိရစ္ဆာန်နှင့် ရာသီဥတုကဲ့သို့သော ပတ်ဝန်းကျင်မှသက်ရောက်မှုများ လျော့နည်းစေကြောင်း စမ်းသပ်ဖော်ပြခဲ့ပါသည်။ ထိုသို့သော နည်းစနစ်မျိုးကို အသုံးပြုခြင်းဖြင့် အရည်အသွေးပိုမိုကောင်းမွန်ပြီး မိမိတို့စိုက်ပျိုးမွေးမြူလိုသည့် မျိုးစိတ်ကို နေရာဒေသမရွေး ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**အားသာချက်နှင့် အားနည်းချက်များ**

စိုက်ပျိုးမွေးမြူရေးတွဲဖက်ခြင်းနည်းအားဖြင့် ဂေဟဗေဒနှင့် စီးပွားရေးအရ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ငါးမွေးမြူရေးမှ စွန့်ပစ်ဇီဝအညစ်အကြေးများကို ဟင်းသီးဟင်းရွက်အပင်မှ ပြန်လည်အသုံးချနိုင်ခြင်း၊ မွေးမြူရေးကန်မှပတ်ဝန်းကျင်သို့ စွန့်ပစ်သည့် ရေပမာဏလျှော့ချနိုင်ခြင်းနှင့် ကန်ရေကိုအချိန်ကြာမြင့်စွာ အသုံးပြုနိုင်ပါသည်။ ရေသုံးစွဲမှုလျှော့ချခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်းခြင်း၊ အထူးသဖြင့် မိုးနည်းသောဒေသနှင့် အအေးပိုင်းဒေသများတွင် သိသာစွာ အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ ထို့အပြင် ငါးထွက်ကုန်သာမက တွဲဖက်သီးနှံထုတ်ကုန်ကိုလည်း ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းငယ်ဖြင့် ရရှိနိုင်ပါသည်။

စိုက်ပျိုးမွေးမြူရေးတွဲဖက်စနစ်၏ အားနည်းချက်များကို ဖော်ပြရလျှင် နည်းပညာပြန့်ပွားမှုလိုအပ်ခြင်း၊ လုပ်ငန်းစတင်ရာတွင် ကုန်ကျစရိတ်ကြီးမားနိုင်ခြင်း၊ စွမ်းအင်/ အရင်းအမြစ်လိုအပ်ချက်ရှိခြင်း၊ နေ့စဉ်ထိန်းသိမ်းမှုလိုအပ်ခြင်း၊ ထုတ်လုပ်မှုစနစ်စီမံခန့်ခွဲရာတွင် သီးသန့်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းထက် ကန့်သတ်မှုများရှိခြင်း၊ အပင်နှင့် ငါးပုစွန်မျိုးစိတ်ကို စနစ်တကျရွေးချယ်ရန် လိုအပ်ခြင်း (ငါးလုပ်ငန်းဦးစီးဌာနကတားမြစ်ထားသည့် အာဖရိကငါးခူကဲ့သို့ ငါးမျိုးစိတ်များကို ထည့်သွင်းမွေးမြူခြင်းမပြုရန်)၊ အပူချိန်ပြောင်းလဲမှုကန့်သတ်ချက်ရှိခြင်းနှင့် စနစ်အတွင်း ချို့ယွင်းမှုဖြစ်ပွားပါက ကြီးမားသောဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးတွဲဖက်ခြင်း၏ အားသာချက်များမှာ မွေးမြူရေးကန်၏ရေတွင်ရှိသော အမိုးနီးယား၊ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်ဓာတ်ပေါင်းများကို တွဲဖက် စိုက်ပျိုးထားသော သီးနှံပင်မှရယူသုံးစွဲနိုင်စေရန် စနစ်တကျပြုပြင်ခြင်းဖြင့် အပင်အတွက် အာဟာရထောက်ပံ့ရယူသုံးစွဲခြင်းဖြင့် ရေအရည်အသွေးကို ထိန်းညှိနိုင်မည်ဖြစ်ပါသည်။ ငါးမွေးမြူရေးသုံး စွန့်ပစ်ရေလျှော့ချနိုင်ခြင်း(Reduce–Wastewater)၊ ငါးမွေးမြူရေးမှစွန့်ပစ်ရေကို သီးနှံအပင်အတွက် အသုံးပြုခြင်း (Reuse)နှင့် သီးနှံအပင်မှသန့်စင်ပြီးသည့်ရေကို ငါးမွေးမြူရေးအတွက် ပြန်လည်အသုံးပြုခြင်း (Recycle) ဖြစ်သည့်အတွက် ဂေဟစနစ်ထိခိုက်မှုမှကာကွယ်နိုင်ခြင်းနှင့် အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း နည်းပညာဗဟုသုတရရှိစေရန်နှင့် နေပြည်တော်ကောင်စီနယ်မြေအား Green City၊ Clean City၊ Smart City အကောင်အထည်ဖော်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးနည်းစနစ် (Aquaponic System) သုတေသနစီမံကိန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း သတင်းကောင်းပါး ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**


1. Bradley K. Fox, Robert H., Clyde S.T., 2010. Construction of automatic bell siphons for backyard aquaponics systems. University of Hawaii
2. Brandon, Y., Youbin, Z., 2019. Aquaponic trends and challenges – A review. Journal of Cleaner Production.
3. Love, D.C., Uhl, M.S., Genello, L., 2015. Energy and water use of a small-scale raft aquaponics system in Baltimore, Maryland, United States. Aquacultural Engineering. 68; 19 –27.
4. Mandakini, G., Pinaki, B., Sudip, K.S., Indranil, M., Shashi, B., Shaon., R.C., 2021. Aquaculture effluent treatment with ammonia remover Bacillus albus (ASSFO1). Journal of Environmental Chemical Engineering.
5. Michael, J.M., Mohammad, R.H., David, H.F.R., Mohammad, M., 2020 Quantifying greenhouse gas emissions from global aquaculture. Scientific Report.
6. Rakocy, J.E, Masser, M.P., Losordo, T.M., 2006. Recirculating aquaculture tank production systems: aquaponic – integrating fish and plant culture. SRAC Publication No. 464.
7. Somerville, C., Cohen, M., Pantanella, E., Stankus, A. & Lovatelli, A, 2014. Small-scale aquaponic food production. Integrated fish and plant farming.
8. https://climate.nasa.gov/faq/19/what-is-the-greenhouse-effect/
9. (PDF) Greenhouse gas emissions for the EU in four future scenarios (researchgate.net)
10. https://pubs.acs.org/doi/abs/10.1021/es300110x


❂ ကြိုးကြာအင်းမှ
တော်သလင်း လဆန်း ၁ ရက် (၂၀၂၂ခုနှစ် ဩဂုတ်လ ၂၆ ရက်) မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကြိုးကြာအင်းကြိုးပြင်ကာကွယ်တော တည်ထောင်ခြင်းဖြင့် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသြဇာကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း စသည့် လိုအပ်ချက်များကို သဘာဝ သစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ခြင်း ဖြစ်သည်။



ကြိုးကြာအင်း ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း အဖိုးတန်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက်၊ သစ်ရာ၊ ရင်းမာ အစရှိသည့် သစ်မျိုးများ အပြင် ဆင်တုံးမနွယ်၊ ရှဉ့်မတက်၊ ဝံအူ၊ ကျားမနိုင်၊ သက်ရင်းကြီး စသည့် ဆေးဖက်ဝင်အပင်များ ပေါ်များစွာ ပေါက်ရောက်ခြင်း၊ တောကြောင်၊ တောကြက်၊ ရစ်၊ ယုန်၊ ခါ၊ ချိုး စသည့်တိရစ္ဆာန်များ၏ ကျက်စားရာ နေရာဒေသဖြစ်ခြင်း၊ ဆင်သေဆည်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်း တို့ကြောင့် ကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ရခြင်းဖြစ်သည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

❍ ဆောက်သမ်တန်မှ
မကြာသေးတဲ့ရက်ပိုင်းအတွင်းက ပေါင်သန်း ၆၀ နဲ့ ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား ကတ်စမဲရိုးကိုလည်း လူစားဝင်ကစားသမားအဖြစ် ထည့်သွင်းအသုံးပြုခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲကစားချိန် ၅၅ မိနစ်မှာ နောက်ခံလူ ဒါလော့ရဲ့ ဖြတ်တင်ပေးတဲ့ဘောလုံးကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က သွင်းယူပေးခဲ့တာဖြစ်ပြီး ဘရူနိုဖာနန်ဒက်စ်ဟာ အခုနှစ်ဘောလုံးရာသီ ပထမဆုံးပရီမီယာလိဂ်သွင်းဂိုး သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။


မန်ယူအသင်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်လေးပွဲကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၇)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်း ကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယား အဆင့်(၁၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ယနေ့ညပိုင်းယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ အခြားသောပွဲစဉ်တွေမှာတော့ ဘရိုက်တန်အသင်းက လိဒ်စ်ယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို ကိုးဂိုး–ဂိုးမရှိ၊ မန်စီးတီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို လေးဂိုး–နှစ်ဂိုးနဲ့ အသီးသီးအနိုင်ရရှိခဲ့ပြီး ဘရန်းဖို့ဒ်အသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့တာကြောင့် ရမှတ် ၁၀ မှတ်စီရရှိခဲ့ကာ အာဆင်နယ်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မတိုင်မီ အမှတ်ပေးဇယားရဲ့ အဆင့်(၁)နေရာနဲ့ အဆင့်(၂)နေရာတို့မှာအသီးသီးရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

ဝတ္ထုတို

## ပိုင်ဆု(ပညာရေး)




(၁)

"တောက်"

အဆက်မပြတ် ရွာနေသောမိုးကို ကြည့်ရင်း အိမ်ထဲမှတောက်ခေါက်လိုက်သည်။

"ဟဲ့ သားကြီး ဘာတွေဒေါသထွက်နေရတာတုန်း"

"မိုးကရွာလည်း ရွာနိုင်လွန်းလို့ပါ အမေရယ် ဒီလိုမျိုးရွာပုံနဲ့ဆိုရင် ငတ်တော့မှာပဲ"

"ဩော် သားရယ် မိုးတွင်းပဲ မိုးရွာတာမဆန်းပါဘူး၊ မရှိရင်လည်း ရှိတာနဲ့ စားကြတာပေါ့ သားကြီးရယ်"

အမေက ဖြေသိမ့်စကားပြောလိုက်ပေမယ့် ကျော်စွာကတော့ သိပ်ဘဝင်မကျလှပါ။ သုံးရက်ဆက်တိုက် သည်းကြီးမည်းကြီးရွာနေသော မိုးကို အပြစ်တင်ရုံကလွဲ၍ ဘာမှမတတ်နိုင်ပေ။

ကျော်စွာက ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုက အလုပ်သမားတစ်ဦးဖြစ်သည်။ ယခုလိုရက်မျိုးတွင် လုပ်ငန်းနားထားရသည့်အတွက် ကျော်စွာတို့လို နေ့စားအလုပ်သမားတွေအဖို့ အခက်အခဲဖြစ်ခဲ့ရသည်။ ကျန်းမာရေးမကောင်းသည့် မိခင်နှင့် အသက်ဆယ်နှစ်အရွယ် ညီလေးတစ်ယောက်အတွက် သူ၏ ကြိုးစားအားထုတ်မှုက ဖခင်ဖြစ်သူဆုံးပါးပြီးသည့်နောက်ပိုင်း အရေးပါ အရာရောက်ခဲ့ရသည်။

တစ်နေ့လုပ်မှ တစ်နေ့စားရသောသာမန်လူတန်းစားတွေအဖို့ တစ်ရက်အလုပ်မရှိလျှင် တစ်ရက် သိသာလွန်းလှသည်။ ရေဒီယိုမှလည်း မုန်တိုင်းသတင်းကြေညာထားသည့်အတွက် ဘယ်အချိန်ထိ ဆက်ရွာနေဦးမည်မသိတဲ့မိုးကို စိတ်ပျက်မိတာတော့ အမှန်ပင်။

မန်နေဂျာဆီမှလည်း ကြိုတင်ငွေထုတ်ရန်လည်း အဆင်မပြေတော့ပေ။ ကြိုတင်ငွေထုတ်ပေါင်းကလည်း များပြီဖြစ်သည်။ ဒီအတိုင်းသာ မိုးတွေဆက်ရွာနေဦးမယ်ဆိုရင်တော့ အိမ်တွင်ထိုင်နေ၍ မဖြစ်တော့ပေ။ တစ်ခုခုတော့ လုပ်မှဖြစ်မည်ဟု တွေးပြီး ပို၍သည်းလာသော မိုးရေစက်များကို ကြေကွဲစွာကြည့်လိုက်မိတော့သည်။

(၂)

"ဟာ မဖြစ်ဘူးထင်တယ် ရဲနိုင်"

"ကျော်စွာ မင်းကလည်းကွာ ဘာမဖြစ်စရာရှိလဲ၊ မင်းသိတဲ့အတိုင်းပဲ ငါတို့ဆောက်လုပ်ရေးလုပ်ငန်းက နောက်တစ်ပတ်လောက်အထိ ပြန်လည်ပတ်ဖို့ မသေချာဘူးလေ။ နောက်ပြီး မိုးကလည်း မုန်တိုင်းရှိနေသေးတော့ အခုထိကို မတိတ်နိုင်သေးတာ မင်းမြင်တဲ့အတိုင်းပဲ၊ တိတ်လည်း ခဏလောက်နဲ့ ဘာမှလုပ်စားလို့မရဘူး။ အေး ဒီအတိုင်းထိုင်နေမယ့်အတူတူ ငါက မင်းကိုအကြံပေးကြည့်တာပါ"

ရဲနိုင်ပြောသည့် စကားကလည်း မှန်နေတော့ ငြင်းဆန်၍မရပါ။ ဒါပေမယ့်လည်း ရဲနိုင်ပြောသည့်အလုပ်လုပ်ဖို့ သူ ထိတ်လန့်မိတာတော့အမှန်ပင်။ အမေ့ကိုဖွင့်ပြောလျှင်လည်း ခွင့်ပြုမှာမဟုတ်တာ သေချာသည်။ သို့သော် ဒီအတိုင်းဆက်ထိုင်နေရင်လည်း ထမင်းအိုးက ခြောက်ခန်းသွားလိမ့်မည်။ ဘာဆက်လုပ်ရမလဲဆိုတာကို ဝေခွဲရခက်နေခဲ့သည်။ မျက်လုံးထဲတွင် အမေနှင့် ညီလေး၏ မျက်နှာက ထင်ဟပ်လာသည်။ ထို့ကြောင့် ရဲနိုင်ပြောသည့်အလုပ် သူလုပ်မှဖြစ်တော့မည်။ အခိုက်အတန့်တစ်ခုအနေဖြင့်သာ တွေးရင်း မိမိကိုယ်ကို အားပေးလိုက်သည်။ အမေ့ကိုတော့ တစ်ခုခုအကြောင်းပြပြီး လိမ်ညာရတော့မည်။ အမေ့အပေါ် တစ်ခါမှ မလိမ်ညာဖူးသည့်အတွက်တော့ စိတ်မကောင်းဖြစ်မိသည်။ ပို၍ သေချာအောင် ရဲနိုင်ကို ဆက်မေးလိုက်သည်။

"ရဲနိုင်..မင်းအလုပ်ကသေချာပါတယ်နော်..မင်းသိတဲ့အတိုင်းပဲ ငါ့မှာက အမေနဲ့ ညီလေးပဲရှိတာ"

"ကျော်စွာရာ မင်းနဲ့ ငါနဲ့က ငယ်သူငယ်ချင်းတွေ၊ ပြီးတော့လည်း အလုပ်အတူတူလုပ်နေကြသူတွေ။ အေး အခုအခြေအနေမှာ မင်းရောငါရော အဆင်မပြေ ဖြစ်နေကြတဲ့အချိန် ငါလည်း ငါနိုင် သလောက် မင်းကို အကြံပေးကြည့်တာပါ။ မင်းဒုက္ခရောက်မယ့်ကိစ္စမျိုးတော့ ငါ မလုပ်ပါဘူး။ ဒါပေမယ့် မင်းထင်သလို ဒီအလုပ်က အန္တရာယ်များတယ်ဆိုပေမယ့် တစ်ကြိမ်လောက် စွန့်စားကြည့်ကြတာပေါ့ကွာ ဘာမှမဖြစ်ပါဘူး။ အဓိကက ငါတို့တွေ မငတ်ဖို့ပဲမဟုတ်လား"

"မင်းပြောတာ ငါလက်ခံတယ် ရဲနိုင်၊ ဒါပေမဲ့ အမေ့ကို ငါကသေချာပြောရမှာကွ။ ပြီးတော့ နှစ်ရက်လောက်က အချိန်ပေးရမှာဆိုတော့"

"ငါသိပါတယ် ကျော်စွာ.. အဲ့ရက်အတွင်း မင်းအိမ်အတွက် ပိုက်ဆံတွေပေးခဲ့ဖို့ အကုန်စီစဉ်ပေးခဲ့မှာပါ။ ဒီတစ်ခေါက်လောက်ပဲလုပ်ကြည့်လိုက်၊ ပြီးရင် ငါတို့ ပုံမှန်အလုပ်လေးပြန်လုပ်ဖို့ကို အေးဆေးထိုင်စောင့်ရုံပဲကွ"

ရဲနိုင်ပြောသည့် စကားများထဲတွင် သူစီးမျောနေခဲ့ပြီဖြစ်သည်။ မိသားစုအတွက် အဆင်ပြေစေချင်သည့်စေတနာတွေကတော့ သူ့ရင်မှာ ပိုပြီးပြင်းထန်နေခဲ့သည်။ ထို့ကြောင့် သေချာသောဆုံးဖြတ်ချက်တစ်ခုကို သူချလိုက်တော့သည်။

(၃)

"ဟင်..သား ဒီပိုက်ဆံတွေက ဘယ်ကရတာလဲ"

"ဟို..သား ဒီနေ့ နေ့လယ် တောင်ငူကိုသွားရမယ်အမေ၊ အဲဒီမှာ အိမ်တစ်လုံးအချောကိုင်ဖို့ ရဲနိုင်တို့နဲ့ လိုက်သွားဖို့ အမေ..အဲဒါ သူတို့က ကြိုတင်ငွေပေးတာ သန်ဘက်ခါညနေ ပြန်ရောက်မှာအမေ"

အမေသည် သူပေးလိုက်သော ပိုက်ဆံသုံးသောင်းကို ကိုင်ရင်း တစ်စုံတစ်ခုကို တွေးနေသည်။ အမေ သူ့ကိုအပြည့်အဝ မယုံကြည်မှန်း သူသိပါသည်။ သူကိုယ်တိုင်ကလည်း တစ်ခါမှ မလိမ်ဖူးတော့ သိသာလွန်းနေသည်။

"သားရေ ပိုက်ဆံက အမေတို့အတွက် အရေးမကြီးပါဘူး။ အမေ့မှာ စုထားဆောင်းထားတာလေးနဲ့ အမေတို့စားအိုးလေးကို ထိန်းထားလို့ရပါတယ်။ ရေဒီယိုမှာ သတင်းကလည်း လာသွားတယ်။ နောက် တစ်ရက် နှစ်ရက်ဆို မိုးကရပ်တော့မှာပါသားရယ်"

အမေ့ စကားသံထဲတွင် သူ့ကိုမသွားစေချင်မှန်း သိသာလွန်းအားကြီးနေသည်။ အမေပြောတာမှန်ပေမယ့် ကြိုတင်တွေးဆလို့မရတဲ့ အနာဂတ်ရက်စွဲတွေအပေါ် သူစိုးရိမ်နေခဲ့မိသည်။ လက်ရှိအလုပ်နားနေရသည့်အချိန်တွင် သူ ကြိုးစားချင်သည်။

"ဟုတ် အမေပြောတာ သားသဘောပေါက်ပါတယ်။ ဒါပေမဲ့ သားက ဒီအိမ်မှာ တာဝန်အရှိဆုံးလေ၊ ဒါကြောင့် အခုအလုပ်နားတဲ့အချိန်မှာ ရတာလေးလုပ်ပြီး အိမ်စရိတ်လေးကာမိအောင်ပါ"

"သားစေတနာကို အမေသိတယ်၊ ဒါပေမဲ့ ပုံမှန်လျှောက်နေတာမရောက်လို့ ဖြတ်လမ်းကနေလျှောက်မှ ပိုပြီးခရီးမတွင်မှာ စိုးလို့ပါ"

အမေပြောသော စကားများထဲတွင် တစ်ခုခုကို အရိပ်အယောင်ပြနေသလို ခံစားရသည်။ ဒါပေမဲ့လည်း မိသားစုအတွက်ဆိုသည့် သူ၏စိတ်က အရာအားလုံးကို ကျော်ဖြတ်နိုင်ခဲ့သည်။ အမေနှင့် သူ စကားပြောနေသည်ကို ညီလေးက မလှမ်းမကမ်းမှ ထိုင်ရင်းကြည့်နေသည်။ ဆိုနင့်လာသောခံစားမှုကို သိမ်းဆည်းလိုက်ရင်း သက်ပြင်းချလိုက်သည်။ နေ့လယ်ရောက်ရင် ရဲနိုင်တို့က ကားနှင့်လာခေါ်မည်ဆိုသောကြောင့် လိုအပ်သည်များကိုထည့်ရန် ပြင်ဆင်လိုက်တော့သည်။ မိသားစုအပေါ်စေတနာထားသည့်အတွက် သူ့ကိုယ်သူအဆင်ပြေမည်ဆိုတာတော့ ယုံကြည်မိပါသည်။

(၄)

တရွေ့ရွေ့မောင်းနှင်နေသော ကားပေါ်တွင်ထိုင်နေပေမယ့် သူ၏စိတ်အစဉ်သည် စိုးရိမ်ခြင်းတွေအပြည့်ဖြင့် ရှိနေခဲ့သည်။ ထိုစဉ် သူ့ဘေးတွင် ထိုင်နေသော ရဲနိုင်ဆီသို့ ဖုန်းတစ်ကော ဝင်လာသည်။ ရဲနိုင်၏ မျက်နှာသည် မသိမသာ ပျက်သွားသည်ကို သတိထားမိလိုက်မိသည်။

"ကျော်စွာ..မင်းအမေ မူးလဲလို့တဲ့"

"ဟင်.. မင်း တကယ်ပြောနေတာလား"

"ဟုတ်တယ် ဒေါ်သွဲ့ ဖုန်းဆက်တာ သိပ်တော့မစိုးရိမ်ရပါဘူးတဲ့၊ သူတို့လည်း ကြည့်နေပေးပါတယ်တဲ့၊ ဆေးရုံသွားမယ်ပြောတာကို မသွားဘူးတဲ့၊ အခုအိမ်မှာ ဆရာဝန်ခေါ်ပြီးပြထားတယ်တဲ့"

မည်သို့ပင်ဆိုစေ အမေဖြစ်သည်ဆိုတော့ သူစိတ်ပူမိသည်။ ပြီးတော့ ညီလေးရှိသေးသည်။ ငွေကြေးသည် အရေးကြီးပေမယ့် မိသားစုထက်တော့ အရေးမကြီးနိုင်ပေ။

"ရဲနိုင်..ကားရပ်ခိုင်းလိုက်တော့ကွာ.. ငါအမေ့ဆီသွားမှရတော့မယ် …ကြိုယူထားတဲ့ပိုက်ဆံလည်း ငါပြန်ပေးမယ်ကွာ"

"အေးပါကွာ ဘယ်တတ်နိုင်မလဲ အမေဖြစ်နေတာဆိုတော့လည်း ငါ နားလည်ပါတယ်။ တစ်ခုခုအဆင်မပြေလည်း ငါ့ကိုလှမ်းပြောနော် ကျော်စွာ"

"ကျေးဇူးတင်ပါတယ် ရဲနိုင်ရာ"

ရဲနိုင်သည် ကားဆရာကို ကားရပ်ခိုင်းလိုက်သည်။ သူလည်း အမေရှိရာသို့ ကားငှားပြီး အမြန်ဆုံးပြန်ရန် ကြိုးစားလိုက်သည်။ သူငယ်ချင်းဖြစ်သူ ရဲနိုင်ကိုတော့ အားနာမိပေမယ့် အမေ့ကျန်းမာရေးဆိုတော့ အရာအားလုံးကို ဥပေက္ခာပြုနိုင်ခဲ့သည်။ ပိုက်ဆံရမည့်အလုပ်ကို နှမြောမိပေမယ့်လည်း အမေနှင့်ညီလေးက သူ၏ဘဝတွင် အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် စိုးရိမ်ခြင်းတွေနှင့်အတူ သူတို့နေထိုင်ရာအိမ်လေးဆီသို့သာ နောက်ကြောင်းပြန်လှည့်ခဲ့လိုက်တော့သည်။

(၅)

အခုတော့ အရာအားလုံးကို သူ နားလည်သွားခဲ့ပြီဖြစ်သည်။ အထူးသဖြင့် အမေ့ရဲ့ မေတ္တာတရားတွေကို သူ မျက်ဝါးထင်ထင် သိရှိခဲ့ရသည်။ ရာသီဥတုကလည်း အရင်လိုမုန်တိုင်းတွေမရှိတော့ပါ။ သာယာခြင်းအပြည့်နှင့် လှပနေခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းကလည်း ပြန်လည်စတင်နေပြီဖြစ်သည့်အတွက် သူ အလုပ်သွားရတော့မည်ဖြစ်သည်။

ရဲနိုင်တို့နှင့် တောင်ငူသို့သွားမည့်နေ့က အမေမူးလဲသည်ဆိုသောသတင်းက သူ့အတွက် အကြီးမားဆုံးဖြစ်ရပ်ဆိုးကြီးနှင့် လွဲချော်စေခဲ့သည်။ အမှန်တကယ်တော့ အဲဒီနေ့က အမေမူးလဲသည်ဆိုတာ တကယ်မဟုတ်ခဲ့ပါ။ သားဖြစ်သူအပေါ် စိတ်ထဲတစ်ခုခုဖြစ်မည် ထင်နေသောကြောင့် လိမ်ညာပြီး ဇာတ်လမ်းဆင်ကာ ပြန်ရောက်လာစေခြင်းဖြစ်သည်။ အစကတော့ အမေ့ကို သူနားမလည်နိုင်ခဲ့ပေမယ့် အခုတော့ သူ နားလည်နိုင်ခဲ့ပါသည်။

သူငယ်ချင်းဖြစ်သူ ရဲနိုင်အတွက်တော့ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ရဲနိုင်တို့သည် တောင်ငူသို့သွားရင်း လမ်းခရီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည်ဟု ရဲများက သတင်းရထားသောကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အမေသာ ထိုသို့လိမ်ညာပြီး သူ့ကိုပြန်မခေါ်ခဲ့ပါက ယခုအချိန်တွင် သူသည် ထောင်ထဲသို့ ရောက်ရှိနေလောက်ပြီဖြစ်သည်။ အမေ၏ မေတ္တာတရားတွေနှင့် မိသားစုအပေါ် ဖြူစင်စွာထားသည့် စေတနာတွေက သူ့ကို ဘေးဆိုး၊ အန္တရာယ်ဆိုးမှ ဖယ်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ အမေပြောသလို ဖြတ်လမ်းကလိုက်တိုင်းလည်း ခရီးမတွင်ဘူးဆိုတာ သူကောင်းကောင်းကြီး သဘောပေါက်မိသွားပါတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကျေးရွာစာကြည့်တိုက်

စာအုပ်၊ စာစောင်၊ သတင်းစာ
ပုံပြင်၊ ဝတ္ထု၊ ကဗျာ။
ဗဟုဒ္ဓဝင်ပါ မှတ်သားထိုက်
ကျေးရွာစာကြည့်တိုက်။
ရတနာသိုက်လို့ တင်စားချင်
စာအုပ်မျိုးစုံလင်။
အားလပ်ချိန်တွင် အရောက်သွား
စာဖတ်ကြစို့လား။
လေ့လာမှတ်သား မကုန်ပေ
ဗဟုသုတတွေ။
ရသထွေထွေ ဖွေရှာကြည့်
စာအုပ်ထဲမှာရှိ။
လိမ္မာတတ်သိ ထူးချွန်အောင်
စာပေလမ်းပြဆောင်။
လှပဂုဏ်ရောင် အမှောင်ခွင်း
ဘဝရောင်ခြည်လင်း။ ။

သာကီနွယ်(ညောင်ရမ်း)

## စိတ်ကောင်းမွေးပါ

မနာလို အမုန်းတရားတို့
နှလုံးသား မစိုက်ထူရာ။
စာနာကွယ် လူသားချင်း
ရိုင်းပင်းစဉ်သာ။
ရိုးသားမှု အတူယှဉ်ကာ
ဖြူစင်စွာ စိတ်ထားရင်း။
ယုံကြည်ရာ ဘဝလမ်းကို
ဖြောင့်တန်းစေမင်း။
စိတ်ထားတွေ ညံ့ဖျင်းက
မသန့်ရှင်း လူ့သန္တာန်။
ကတိမတည် ထိုလူသား
မှောက်မှားကေန်။
ဂုဏ်သတင်း ပျက်ယွင်းအမှန်
လူ့ရပ်ထံ မကျော်စော။
ညဉ်ဆိုးတွေ မပျောက်သမျှ
ကြောက်ရပါကော။
စာနာကွယ် အပြုံသဘောနဲ့
လူ့မနော ဖြူစင်စေ။
ချစ်မေတ္တာ ရင်မှာလွှမ်း
အေးချမ်းစဉ်ပေ။
သည်းခံခြင်း မင်္ဂလာတွေ
ရင်မှာမသွေ ဆောက်တည်မွေး။
မုဒိတာ ရင်မှာလွှမ်း၍
ဝမ်းမြောက်စေလေး။ ။

ရဲသွေးနီ(တက်ဝန်)

ဆောင်းပါး

# လူသားဘဝတိုးတက်ဖို့ မူးယစ်ဆေးဝါးရှောင်ကြစို့

## လင်းနွေးအိမ်

ယနေ့လူနေမှုဘဝတွင် စားဝတ်နေရေးအတွက် အခက်အခဲပေါင်း မြောက်မြားစွာဖြင့် ရင်ဆိုင်နေကြရသည်။ ဘိုးဘွားများလက်ထက်ကနှင့်မတူ ဆုတ်ယုတ်လာသည့်အချက်များကို ကြုံတွေ့လာရသည်။ တစ်နှစ်ထက်တစ်နှစ် တစ်ခေတ်ထက် တစ်ခေတ် အဆင့်မြင့်လာသည့် လူနေမှုဘဝများနှင့် အတူ ဆုတ်ယုတ်လာသည်မှာ လူသားများ၏စိတ်နေသဘောထားများဖြစ်သည်။ အပြုအမူတစ်ခုပြုလုပ်သည်ဟုဆိုရာ၌ ရှေ့က ဦးဆောင်သူမှာ မိမိ၏စိတ်ဖြစ်သည်။ ထိုသို့ စိတ်ကဦးဆောင်သည်ကို ဦးနှောက်ဖြင့် ချင့်ချိန်ဝေဖန်တွေးတောပေးရသည်။ ချုပ်တည်းမှု ကင်းမဲ့ကာ စိတ်၏စေစားရာနောက် လိုက်နေသူအဖို့ကား အမှားများဖြင့် မကြာခဏ ကြုံတွေ့ရမည်ပင်။ ပတ်ဝန်းကျင်၌ မြင်တွေ့နေရမှုများကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အမှားကို ခွဲခြားဝေဖန်ပြီးပြုမူသင့်သည်။

### အတုယူထားတတ်ကြ

လူ့ပတ်ဝန်းကျင်၌ အတုခိုးမှားနေသည့်အချက်တစ်ချက်မှာ မူးယစ်ဆေးဝါးကို သုံးစွဲနေခြင်းဖြစ်သည်။ အနောက်နိုင်ငံများ၏ ရုပ်ရှင်ဇာတ်ကားများနှင့် တချို့သော မြန်မာဇာတ်ကားများ၏ သဏ္ဌာန်လုပ်သရုပ်တူအောင် သရုပ်ဆောင်ပြသည့် အပြုအမူများမှ ဆေးလိပ်သောက်ခြင်းနှင့် လူအများစုပေါင်းဝိုင်းဖွဲ့ပြီး ပျော်ရွှင်စွာ အရက်သေစာသောက်စားခြင်း စသည်များကို မျက်စိကျကာ အတုယူတတ်ကြသည်။ ကောင်းမှုနှင့် မကောင်းမှု၌ လူသည် မကောင်းမှုဘက်ကို ပို၍ခုံမင်တတ်ကြသည်။ ဤသည်မှာ စဉ်းစားချင့်ချိန်မှုအားနည်းသူများကို ဆိုလိုရင်းဖြစ်သည်။ အသိနှင့် သတိနည်းပါးခြင်း၏အကျိုးဆက်က နောင်တတရားကို မရှုမလှဖြင့် ရင်ဆိုင်ကြရတော့သည်။ ထို့ကြောင့် အရာရာကို စဉ်းစားချင့်ချိန်တတ်ဖို့ရန် လိုအပ်သည်။ အမှန်နှင့် အမှားကို ခွဲခြားသိမြင်နိုင်သူတစ်ယောက်ဖြစ်ဖို့ရန်လည်း အသိပညာများကို ရှာဖွေဆည်းပူးကြရပေမည်။

မူးယစ်ဆေးဝါးဟုဆိုရာ၌ ထိုအရာသည် လူသား၏စိတ်အာရုံကို မူးယစ်ရီဝေစေသည်ပင်။ နဂိုကတည်းက မိမိ၏စိတ်အာရုံကို ထိန်းချုပ်ဖို့ရန် အားနည်းတတ်သည့် သဘောသဘာဝမှာ လူကို မူးယစ်ရီဝေစေသည့်အရာများကြောင့် အဆိုးရွားဆုံး အခြေအနေထိ ရောက်ရှိကြရပေသည်။ သတိမဲ့ခြင်း၊ အသိမဲ့ခြင်းများဖြင့် မူးယစ်ဆေးဝါး၏တန်ခိုးမှာ အမိုက်ဇာတ်များကို ခင်းကျင်းနေတတ်ကြသည်။ လောက၌ သတ္တဝါအားလုံးတွင် လူသားဟူသည် အမြင့်မြတ်ဆုံး ဖြစ်သည်။ အသိဉာဏ်ပညာ၊ အတတ်ပညာများရှိနေခြင်းကြောင့်ပင်။ သို့သော် မူးယစ်ဆေးဝါးကို သုံးစွဲမိလျှင်ဖြင့် တိရစ္ဆာန်များနှင့်မခြားသော အဆင့်သို့ ရောက်ကြရတော့သည်။

အရက်သမားများ၏ ဖြစ်စဉ်ကိုကြည့်လျှင် အများစုသည် အပျော်အပါးဆိုသည်မှ စတင်လာခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်၌ လူကအရက်ကို သောက်နေသည်။ ဒုတိယအဆင့်၌ အရက်က လူကို ပြန်သောက်သည်။ နောက်ဆုံး တတိယအဆင့်မှာတော့ အရက်က အရက်ကို သောက်နေသည့်အဖြစ်သို့ ရောက်သွားရသည်။ အရက်ကို စတင်သုံးစွဲမိသည်နှင့် ငွေကုန်ခြင်းဆိုသည်မှာ ရှေ့ဆုံးကဖြစ်သည်။ အရက်သေစာစသော မူးယစ်ဆေးဝါးများသည် လူ၏ ဦးနှောက်ကို ဖျက်ဆီးသည်။ တစ်ဆက်တည်းမှာပဲ စွဲလမ်းစိတ်၊ နှစ်ခြိုက်စိတ်ကို ဖြစ်ပေါ်စေသည့်ညို့အားလည်း ကောင်းနေပြန်၏။ ခိုက်ရန်ဒေါသများဖြစ်ပွား၍ ငွေကုန်ကြေးကျဖြစ်ကြရသည်မှာ အရက်သေစာ၏ဆိုးကျိုးဖြစ်သလို မအိုဆေးဆိုသည့်အတိုင်း အသက်တိုအောင် ဖန်တီးလိုက်သည်မှာလည်း အရက်၏ဆိုးကျိုးဖြစ်သည်။

### မိမိကိုယ်တိုင်ဖန်တီး

ယနေ့ မျက်မှောက်ခေတ်၌ လူငယ်လူကြီးမကျန် အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ ပြုလုပ်လာကြသည်။ ဆေးလိပ်သောက်သူသည် ပိုက်ဆံကို မီးဖြင့်ရှို့၍ အဆုတ်ရောဂါဖြစ်အောင် မိမိကိုယ်တိုင်ဖန်တီးလိုက်ခြင်းဖြစ်သည်။ ကွမ်းစားခြင်းတွင် ကွမ်းယာထဲ၌ပါဝင်သည့် ထုံး၊ ဆေးရွက်ကြီး စသည်များက ရောဂါဖြစ်စေသည့်အရာများ ဖြစ်သည်။ အပျင်းပြေစေဖို့ အကြောင်းပြချက်တစ်ခုအတွက် ပြုလုပ်နေကြသည့်တိုင် ပြန်ပေးလိုက်ရသည်များက ပိုက်ဆံများနှင့် ကျန်းမာရေးထိခိုက်မှုများဖြစ်သည်။ ဇာတ်ကားများ၌ ဆေးချနေကြသူများ၊ ဘိန်းရှူနေကြသူများကို တွေ့ဖူးကြမည်ထင်ပါသည်။ ဇာတ်ကားတစ်ကားဟူသည် လူသားများအတွက် တစ်နည်းနည်းဖြင့် အကျိုးပြုပေးသည်ပင်။ သားဖြစ်သူက ဆေးချနေ၍ မိဘများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေကြမှုများ၊ ဆေးဖိုးပိုက်ဆံလို၍ မိခင်ဖြစ်သူဆီမှ ရွှေ၊ ငွေများကိုပင် အတင်းအဓမ္မလုယက်ခြင်းများက ရှောင်ကျဉ်ဖို့ရန် ပညာပေးမှုဖြစ်သည်။ သို့သော် လူငယ်အများစုက မြင်ကွင်းတစ်ခု၏ အဆုံးထိ သေချာမတွေးကြ။ ခပ်မိုက်မိုက်စတိုင်များကိုသာ မျက်စိကျနေတတ်ကြသည်။ ဤသည်မှာ လူငယ်များ၏ စဉ်းစားချင့်ချိန်နိုင်မှု အားနည်းနေသေး၍လည်းဖြစ်သည်။ သို့ရာတွင် လူကြီးမိဘများက ဂရုတစိုက် သေချာကြပ်မတ်ပြီး လမ်းညွှန်ပြသပေးကြရမည်။ အိမ်တစ်အိမ်(သို့) မိသားစုတစ်စု၌ အရက်သေစာသောက်စားသူ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးရှိနေပါလျှင် ထိုသူသည် အိမ်အတွက် ဖွတ်ဖြစ်စေ၏။


ဘိန်းဟူသည့်အရာက အင်မတန်မှ ကြောက်စရာကောင်းသည်။ ဘိန်းကို ရှူရှိုက်မိပြီဆိုပါက ထိုသူသည် နောက်ထပ်ရှူရှိုက်ဖို့ရန် အာသီသရှိလာတော့သည်။ ဘိန်းစားဟု အသုံးအနှုန်းများကို လူ့ပတ်ဝန်းကျင်၌ ကြားဖူးနားဝရှိမည်ထင်ပါသည်။ ပျင်းရိလေးလံမှုဖြင့် တမှိုင်မှိုင်တတွေတွေဖြစ်နေသည့်သူကို ဘိန်းစားနှင့် ခိုင်းနှိုင်းတတ်ကြသည်။ ဘိန်းစားသူသည် ဘိန်းကိုရှူရှိုက်ပြီး တစ်နေ့တာအားအင်များပြည့်ဖြိုးလာသလိုဖြင့် စိတ်တက်ကြွကာ ရှိနေတတ်သည်။ ထို့နောက် တစ်နေ့တွင်တော့ ဘိန်းမစားရပါလျှင် အားကုန်ပြီး ပျော့ခွေသွားတော့၏။ ဘိန်းစားထားသူသည် အရက်သမားများထက် ဆင်ခြင်တုံတရားကင်းမဲ့တတ်ကြသည်။ တစ်ဆက်တည်းမှာပဲ မူးယစ်ဆေးဝါးများလည်း ရှိနေပြန်ပါသည်။ ဆေးဝါးများတွင် စိတ်ကြွဆေး၊ ရာမ၊ WY စသဖြင့် အမျိုးမျိုးရှိကြပေရာ အားလုံးမှာ မူးယစ်ရီဝေစေသည့် ဆေးဝါးများဖြစ်သည်။ ထိုဆေးဝါးများကြောင့် လူသတ်မှုများအထိ ဖြစ်ပွားရတော့သည်။

ထို့ကြောင့် အရက်သေစာ မူးယစ်ဆေးဝါးကို ရှောင်ရှားသင့်ပါသည်။ အရက်က ဦးနှောက်ရှိဆဲလ်များကို ဖျက်ဆီးပစ်သလို ဘိန်းနှင့်ဆေးဝါးများက ပိုလို့ပင် ဖျက်ဆီးပစ်လေသည်။ အိမ်တစ်အိမ်၌ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ယောက်ရှိသည်မှာ ဆိုးကျိုးဖြစ်သလို တိုင်းပြည်တစ်ပြည်၌ မူးယစ်ဆေးဝါးသမားရှိနေခြင်းကလည်း ဆန်ကုန်မြေလေးမျှသာဖြစ်သည်။

မိမိနေအိမ်၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်ကို မိမိကြောင့် အကျိုးမယုတ်စေလိုလျှင် မူးယစ်ဆေးဝါးကို အထူးရှောင်ရှားကြရမည်။ လူသားတစ်ဦး၏ဘဝတိုးတက်ဖို့ရန်အတွက် အသိပညာအတတ်ပညာများ ရှာဖွေခြင်းနှင့်အတူ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ပြုမူကြိုးစားကြရသည်။ ဝါးကို ဖျက်သည့် ဝါးမျက်ပမာမဖြစ်စေရန် လူ၏ခန္ဓာကိုယ်တစ်ခုလုံးကို ဖျက်ဆီးနေသည့် အရက်သေစာ မူးယစ်ဆေးဝါးများနှင့် ကင်းကင်းရှင်းရှင်းဖြစ်နေရပေမည်။ ထိုသို့ ရှောင်ရှားနိုင်ပါလျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာ သာယာလှပသော လောကမြင်ကွင်းနှင့်အတူ ထိုက်သင့်သော အောင်မြင်သူတစ်ယောက်အဖြစ်သို့ ရောက်ရှိနိုင်ပေမည်။ အင်မတန်မှ ကြီးမားပါသည်ဆိုသော သင်္ဘောကြီးများပင်လျှင် အပ်ပေါက်ရာ လောက် အပေါက်တစ်ပေါက် ဖြစ်သွားပါက နောက်ဆုံးရေတွင်မြုပ်သည့်အဆင့်သို့ ရောက်ရပေသည်။ တစ်နေ့ လေးငါးရာပဲ ကုန်တာပါဟု မိမိ၏ မလိုလားအပ်သော သုံးစွဲမှုကို ဆင်ခြေပေးနေမိပါက မကြာတော့မည့်အချိန်မှာ ဆင်းရဲမွဲပြာသွားရမည်မှာ အမှန်စင်စစ် ဖြစ်သည်။ အသုံးနှင့် အဖြုန်းကို ခွဲခြားတတ်မှုဖြင့် သုံးသင့်သည့်နေရာ၌ သုံးကာ မသုံးသင့်သည်များကို မသုံးစွဲခြင်းဖြင့်လည်း ငွေအပိုမကုန်စေချင်။ မိမိဘဝတိုးတက်ဖို့ရန် တစ်ကျပ်တစ်ပြားမှအစ စုဆောင်းတတ်ရမည်။ ကမ္ဘာကျော်သူဌေးကြီးများ၏ ဘဝဖြစ်စဉ်ကို လေ့လာစမ်းစစ်ကြည့်သော် အောက်ခြေအဆင့်မှ တဖြည်းဖြည်းချင်း တက်လာကြသူများပင်။ လှေကားဟူသည် တစ်ထစ်ခြင်းတက်ရသည်။ လှေကားထစ်ကို ကျော်တက်မိသူအတွက် အခန့်မသင့်ပါက နောက်ပြန်ကျတတ်သည်။ စီးပွားရေးနယ်ပယ်၌ လူတချို့ပြောဆိုနေသည့် ဖြတ်လမ်းနည်းဟုဆိုခြင်းက ထင်သလောက်မလွယ်။ တချို့ဖြတ်လမ်းနည်းက ဥပဒေနှင့်မကင်း။ တချို့မှာ သူများခေါင်းပေါ် ထိပ်ကွက်ကာ သူများမျက်ခုံးမွေးပေါ် စကြံလျှောက်ရသည့်နှယ်။ နှစ်ချက်လုံးက အပြစ်မကင်း။ ဥပဒေနှင့်မကင်းသော အပြစ်နှင့် လူ့ကျင့်ဝတ်နှင့် မကင်းသောအပြစ်တို့ဖြစ်သည်။

### အသိဉာဏ်ပညာများဖြင့်

လူမှုဘဝတိုးတက်မြင့်မားဖို့ဆိုသည်မှာ အသိဉာဏ်ပညာများဖြင့် စွမ်းဆောင်ကြရမည်ပင်။ လောက၌ ဆောင်ရန်နှင့် ရှောင်ရန်ဟူ၍ နှစ်မျိုးရှိပါသည်။ လူသားများ၏ ဘဝတိုးတက်ဖို့ရန်အတွက် ဆောင်ထားရမည့်အချက်များမှာ ဗဟုသုတရှာဖွေခြင်း၊ စာအုပ်စာပေများကို လေ့လာဖတ်မှတ်ခြင်း၊ အတတ်ပညာများ ရှာဖွေဆည်းပူးခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ဇွဲ လုံ့လ ဝီရိယထားရှိခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း စသည့်အချက်များဖြစ်သည်။ ရှောင်ကျဉ်သင့်သည်များမှာ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ ပျင်းရိလေးလံနေခြင်း၊ စိတ်ဓာတ်ပျော့ညံ့ခြင်း၊ အကောင်းမြင်စိတ်မထားရှိခြင်းတို့ဖြစ်သည်။ အပျော်အပါးလိုက်စားခြင်းဟုဆိုရာ၌ အရက်သေစာ မူးယစ်ဆေးဝါးများက အဓိကအခန်းကဏ္ဍမှ ပါဝင်နေ၏။ တစ်ဖန် မူးယစ်ဆေးဝါးများဖြင့် အချိန်ကုန်နေသူအဖို့ ဦးနှောက်က ချာချာလည်ခြင်းဖြင့် တွေးတောမှု ဝေဖန်ပိုင်းခြားမှုများနှင့် ကင်းဝေးရတော့သည်။ စာအုပ်ဖတ်ဖို့ရန် အချိန်မရှိတော့။ အောင်မြင်မှုတစ်ခုအတွက် ရည်ရွယ်ချက်မြင့်မြင့်မားမားဖြင့် အခက်အခဲများစွာကို ကျော်လွှားနိုင်ဖို့ရန် ပြင်းပြသောဆန္ဒမရှိတော့။ မူးယစ်ဆေးဝါးသုံးစွဲနေခြင်းဖြင့် မိမိဖြစ်တည်ရာ၊ မိမိရောက်ရှိရာနေရာ၌ ကျေနပ်နေကြ၏။ ထိုသို့သော လူသားများ၏ လောကကမ္ဘာကြီးသည် တဖြည်းဖြည်းနှင့် အရုပ်ဆိုးအကျည်းတန်ရတော့မည်။ တိုးတက်မှုဆိုတာထက် ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ကြရတော့မည်။ ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးများကို ကျွန်တော်တို့အားလုံး ပူးပေါင်းပါဝင် တိုက်ထုတ်ကြပါစို့လို့ အလေးအနက်ထားပြီး တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## မြန်မာကဗျာ မော်ကွန်း မဂ္ဂဇင်း

မြန်မာကဗျာချစ်မြန်နိုးသူအသင်းက ထုတ်ဝေသည့် မြန်မာကဗျာ မော်ကွန်း မဂ္ဂဇင်းအမှတ်(၂) ၂၀၂၂ ခုနှစ် ဩဂုတ်လ ထွက်ရှိလာသည်။

အဆိုပါမဂ္ဂဇင်းတွင် စာရေးသူမောင်မျိုး ရေးသားသည့် တောင်စွယ်နေကွယ်ချိန် ပွင့်သောပန်းပွင့်များ ခေါင်းစဉ်တွင် သတ္တဝါတိုင်း မိမိအသက်ကို အချစ်မြတ်နိုးဆုံးဖြစ်သည်။ မိမိအသက်ထက် မြတ်နိုးတွယ်တာစရာဘာမှမရှိ။ လူတိုင်းသေဖို့ ကြောက်ကြသည်သာ။ အနိစ္စသဘောကို နားလည်ကြသော်လည်း သေဘေးနှင့်ကြုံတွေ့ချိန်တွင် တုန်လှုပ်ကြသည်ချည်း။ ဥပစ္ဆေဒကကံကြောင့် သူတစ်ပါးစီရင်ခြင်းခံရ၍ သေရတော့မည်ဆိုသည့်အခါ မည်မျှ တုန်လှုပ်ချောက်ချား သွေးပျက်ကြမည်နည်း။ ထိုအခြေအနေဆိုးကို ရဲရင့်တည်ငြိမ်စွာ ရင်ဆိုင်ရင်း အသတ်ခံရအံ့ဆဲဆဲတွင် နှောင်းလူတို့အတွက် ကဗျာအမွေ ရေးသားထားရစ်ခဲ့ကြသော အာဂကဗျာဆရာများ ကဗျာစာပေသမိုင်းတွင် အထင်အရှားရှိခဲ့ဖူးသည်။

တောင်စွယ်နေကွယ်ချိန်တွင် ပွင့်လန်းလာသောကဗျာတို့ကို ဖတ်ရတိုင်း ရင်ထဲတွင်ဆွေးဆွေးမြည့်မြည့် ခံစားရသည်။ ဖြစ်ရလေခြင်းဟု စိတ်မကောင်းခြင်းကြီးစွာဖြစ်ရသည်။ ကဗျာဆရာ၏ ဝိညာဉ်သည် သူ၏ကဗျာအတွင်း စူးနစ်ပူးကပ်လျက် ကဗျာဆရာ၏နှလုံးသွေးတို့သည် သူ၏ကဗျာတွင် စကားလုံးများအဖြစ် အသက်ဝင် လှုပ်ရှားလျက် ယနေ့တိုင် ရှင်သန်နေဆဲအဖြစ်အပျက်များကို နှောင်းလူတို့အား ပြန်ပြောင်းပြောပြနေဆဲပင်။

မြန်မာကဗျာ မော်ကွန်းမဂ္ဂဇင်းကို အမှတ် (၁၂)၊ လမ်း (၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ ဖုန်း-၀၉ ၆၉၂၂၂၈၂၄၇မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## The Development of Western Philosophical Thought

စာရေးသူ ကြည်ကြည်လှ စီစဉ်ရေးသားသည့် The Development of Western Philosophical Thought စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဒဿနိကဗေဒ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသူများအတွက် ရည်ရွယ်၍ ရေးသားထားသည်။ Western Philosophy ဘာသာရပ်ဖြစ်စေ၊ Eastern Philosophy ဖြစ်စေ အချို့ယူဆသလို Philosophy ဘာသာရပ်သည် စိတ်ကူးယဉ် သက်သက်မဟုတ်ကြောင်း၊ လူ့ဘဝကို အဘက်ဘက်က ပံ့ပိုးနိုင်သည်ကို ထောက်ပြလိုသည့်အပြင် လူ့အသိဉာဏ်ကို ဆင်ခြင်စဉ်းစား၍ ထက်မြက်အောင် မည်သို့ဆောင်ကြဉ်းသည်ကိုလည်း လေ့ကျင့်ပေးသောဘာသာရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဓိက မီးမောင်းထိုးပြလိုသည်ကမူ Philosophy နှင့် Science ဘာသာရပ်များသည် အနောက်တိုင်းတွေးခေါ် မြော်မြင်ရေးတွင် တစ်အူထုံ့ဆင်း ဘာသာရပ်များဖြစ်၍ စနစ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုကို အခြေခံကြောင်းနှင့် အယူသည်းမှု၊ ပုဂ္ဂလဓိဋ္ဌာန်ကျမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု စသည်တို့ကိုလက်မခံဘဲ အပြုသဘောဆောင်သည့် ဝေဖန်သုံးသပ်၊ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုကိုသာ အလေးပေးသည်ကို လူငယ်များအား အထူးသိစေလိုသည်။ ထို့ပြင် Philosophy နှင့် ကိုယ်ကျင့်တရားပညာ(Ethics)၊ စီးပွားရေးပညာ၊ လူမှုရေး၊ နိုင်ငံရေး အားလုံးနှင့် နီးနွှယ်နေသည်ကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

စာအုပ်ကို ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၊ ပထမထပ်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ရုံးခန်းတွင် ရုံးချိန်အတွင်း ဖုန်း-၀၉ ၂၆၄၈၃၄၂၆၀ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အနုပညာ

## ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်တွေကို ဆက်လက်တွေ့မြင်ရမည်

တိုက်ခိုက်ရေးရုပ်ရှင်ဖြစ်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေကို ၂၀၃၇ ခုနှစ်အထိ ဆက်လက်ရိုက်ကူးထုတ်လွှင့်ဖို့ရာ အစီအစဉ်ရှိကြောင်း အဆိုပါရုပ်ရှင်တွေကို ထုတ်လုပ်တဲ့ ဝင်နာဘရိုစ်က လတ်တလောမှာ အသိပေးခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၁၉၆၂ ခုနှစ်က စတင်ပေါ်ထွက်ခဲ့တဲ့ စုံထောက်ဇာတ်ကောင် ဂျိမ်းစ်ဘွန်းရဲ့ ၇၅ နှစ်ပြည့်မွေးနေ့အထိ ရုပ်ရှင်တွေကို ဆက်လက်ရိုက်ကူးဖို့ရာ လတ်တလောမှာ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

## BLACKPINK နယူးယောက်သို့ ထွက်ခွာ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK အဖွဲ့ဝင်တွေဟာ လတ်တလောမှာ အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် နယူးယောက်ကို ထွက်ခွာခဲ့ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ဟာ ဩဂုတ် ၂၉ ရက်မှာ ကျင်းပမယ့် ယခုနှစ်အတွက် MTV VMAs ဆုပေးပွဲကို တက်ရောက်မှာ ဖြစ်ပါတယ်။ အဆိုပါ ဆုပေးပွဲမှာ တစ်နှစ်တာအတွင်း ထွက်ရှိခဲ့တဲ့ တေးဗီဒီယိုတွေနဲ့ တေးသီချင်းတွေအနက် အကောင်းဆုံးသော တေးဗီဒီယိုတွေနဲ့ တေးသီချင်းတွေကို ရွေးချယ် ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။

## အီတလီကိုရောက်ရှိနေတဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာလိုပက်ဇ်

မကြာသေးမီက ဒုတိယမြောက်မင်္ဂလာပွဲကို ခမ်းခမ်းနားနားပြုလုပ်ခဲ့ကြတဲ့ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲ တေးသံရှင် ဂျနီဖာလိုပက်ဇ်နဲ့ မင်းသား ဘန်အက်ဖ်လက်ခ်တို့ဟာ လတ်တလောမှာ အီတလီကို ဟန်းနီးမွန်းထွက်ခဲ့ကြပါတယ်။ ပျော်ရွှင်နေတဲ့ သူတို့နှစ်ဦးကို မီလန်ရဲ့ လမ်းတွေပေါ်မှာ တွေ့မြင်ခဲ့ရကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မီလန်မှာရောက်ရှိနေတဲ့ သူတို့နှစ်ဦး ရိုက်ကူးထားတဲ့ဓာတ်ပုံမှာ သူတို့နှစ်ဦးရဲ့နောက်မှာ ပရိသတ်တွေကလည်း လိုက်ပါခဲ့ကြတာ တွေ့ရပါတယ်။

ဩဂုတ် ၂၀ ရက်က ပြုလုပ်ခဲ့တဲ့ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို မိသားစုတွေအပြင် မိတ်ဆွေတွေနဲ့ အခြားသော အနုပညာရှင်တွေလည်း တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ပထမဆုံးမင်္ဂလာပွဲကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက အကျဉ်းသာပြုလုပ်ခဲ့တာဖြစ်ပြီး ဒုတိယမြောက်မင်္ဂလာပွဲကို ဂျော်ဂျီယာမှာရှိတဲ့ ဘန်ရဲ့ နေအိမ်မှာ ခမ်းခမ်းနားနား ပြုလုပ်ခဲ့တာပါ။ ဘန်ရဲ့ နေအိမ်ဟာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းခန့် တန်ဖိုးရှိတဲ့ နေအိမ်ကြီးတစ်ခုဖြစ်တယ်လို့လည်း သိရပါတယ်။



ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာလိုပက်ဇ်တို့ဟာ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲခဲ့ကာ စေ့စပ်ခဲ့ပြီးမှ ၂၀၀၃ ခုနှစ်အတွင်း လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။ ဒုတိယမြောက် ပြန်လည်လက်တွဲချိန်မှာ လက်ထပ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

# AFF Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်

**ရန်ကုန် သြဂုတ် ၂၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုလကုန်ပိုင်း ပြုလုပ်မည့် AFF Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို Mitsubishi Electric ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်မည်ဖြစ်ပြီး AFF Mitsubishi Electric Cup 2022 ပြိုင်ပွဲအမည်ဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို သြဂုတ် ၃၀ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဆီဒင်သတ်မှတ်ချက်အရ Pot–1 တွင် လက်ရှိချန်ပီယံ ထိုင်းနှင့် ဗီယက်နမ်၊ Pot–2 တွင် အင်ဒိုနီးရှားနှင့် မလေးရှား၊ Pot–3 တွင် စင်ကာပူနှင့် ဖိလစ်ပိုင်၊ Pot–4 တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ Pot–5 တွင် လာအိုနှင့် ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်နေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးနှစ်သင်းဖြစ်သည့် တီမောနှင့် ဘရူနိုင်းအသင်းမှာ ခြေစစ်ပွဲကစားရမည်ဖြစ်ပြီး အနိုင်ရသည့်တစ်သင်းသာ နောက်ဆုံးအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို အုပ်စုမဲခွဲပွဲတွင် တစ်ပေါင်းတည်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**ကိုညီလေး**

# MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်နှင့် Young Boys အသင်း အနိုင်ရ

**ရန်ကုန် သြဂုတ် ၂၇**

၂၀၂၂ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ သြဂုတ် ၂၆၊ ၂၇ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်နှင့် Young Boys အသင်း အနိုင်ရခဲ့သည်။

သြဂုတ် ၂၆ ရက်က ကစားသည့်ပွဲတွင် တက္ကသိုလ်အသင်းက Junior Lions အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာ ယူ–၁၉ အသင်းသည် Junior Lions အသင်းဖြင့် ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး စတုတ္ထမြောက်ပွဲတွင် ဒုတိယမြောက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ Junior Lions အသင်းသည် ခြေစွမ်းနှင့် ရလဒ်ပိုင်းမတည်ငြိမ်သေးဘဲ လေးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ တက္ကသိုလ်အသင်းမှာမူ တတိယမြောက် ပွဲကစားခြင်းဖြစ်ပြီး နိုင်ပွဲဆက်ခဲ့သည်။ တက္ကသိုလ်အသင်းသည် လူငယ်လက်ရွေးစင်များဖြစ်သည့် မြန်မာ ယူ–၁၆ (ခ) Young Boys အသင်းနှင့် မြန်မာယူ–၁၉ (ခ) Junior Lions အသင်းတို့ကို ဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၇ မိနစ်တွင် ခိုင်ရဲဝင်းနှင့် ၆၉ မိနစ်တွင် ဆွေဦးလင်းတို့က သွင်းယူခဲ့သည်။



ယောမြေအသင်းနှင့် Young Boys အသင်း ယှဉ်ပြိုင်စဉ်။

သြဂုတ် ၂၇ ရက်က ကစားသည့်ပွဲတွင် Young Boys အသင်းက ယောမြေအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ–၁၆ လက်ရွေးစင် (ခ) Young Boys အသင်းသည် ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ Young Boys အသင်းအတွက် ဂိုးများကို လေးမိနစ်တွင် စောမျိုးဇော်၊ ၆၈ မိနစ်တွင် ထူးဝေယံတို့က သွင်းယူပြီး ယောမြေအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၈ မိနစ်တွင် ပြည့်ဖြိုးဝေက သွင်းယူသည်။

ပွဲစဉ် (၄) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက လေးပွဲကစား ရှစ်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Junior Lions အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ ကချင်ယူနိုက်တက်နှင့် မောရဝတီအသင်းက သုံးပွဲကစား လေးမှတ်စီ၊ Young Boysအသင်းက နှစ်ပွဲကစား သုံးမှတ်ရရှိထားကာ ယောမြေအသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# MNL ပြိုင်ပွဲ ဒုတိယအကျော့ စက်တင်ဘာလဆန်း၌ ကျင်းပမည်

**ရန်ကုန် သြဂုတ် ၂၇**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ကို စက်တင်ဘာလဆန်းတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များမှာ သြဂုတ် ၂၅ ရက်က ပြီးဆုံးသွားပြီး တစ်ပတ်ကြာရပ်နားကာ စက်တင်ဘာ ၃ ရက်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ဒုတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ကျင်းပသည့်ပုံစံအတိုင်း တစ်ပတ်လျှင် ငါးရက်ဖြင့် စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ ပထမဆုံးပွဲအဖြစ် ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် တတိယနေရာမှ မြဝတီအသင်းတို့ပွဲဖြင့် စတင်မည်ဖြစ်သည်။ ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကလပ်အသင်းများ အနေဖြင့် ကစားသမားသစ်များ အင်အားဖြည့်တင်းခြင်း၊ လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းတို့ကြောင့် ဒုတိယအကျော့တွင် ပိုကောင်းသည့်ခြေစွမ်းနှင့် စွမ်းဆောင်ရည်ကို တွေ့မြင်ရဖွယ်ရှိနေသည်။ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ မြဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံ၊ ဧရာဝတီနှင့် အား/ကာသိပ္ပံအသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးမှတ်၊ GFA အသင်းက ခြောက်မှတ်ရရှိထားကာ ရခိုင်အသင်းမှာမူ ကိုးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ပထမအကျော့အပြီး အနေအထားအရ ချန်ပီယံဆုအတွက် ရှမ်းယူနိုက်တက်အသင်းက အလားအလာအကောင်းဆုံးဖြစ်နေပြီး ပထမအကျော့အတိုင်း ကစားနိုင်ပါက ချန်ပီယံဆု ဆက်လက်ကာကွယ်နိုင်ဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်း၏ ဖိအားပေးနိုင်မည့်အသင်းများမှာ ရန်ကုန်နှင့် မြဝတီအသင်းတို့ဖြစ်ပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ပွဲရလဒ်များက အဆုံးအဖြတ်ဖြစ်လာနိုင်သည်။ ၁၄ မှတ်စီရထားသည့် ရတနာပုံ၊ ဧရာဝတီနှင့် အား/ကာသိပ္ပံအသင်းတို့မှာ မျှော်လင့်ချက်ရှိသော်လည်း အခွင့်အရေးနည်းနေပြီဖြစ်ပြီး ထိပ်ဆုံး သုံးသင်းစာရင်းဝင်ရန်သာ ဦးစားပေးကြိုးစားရဖွယ်ရှိနေသည်။

**ကိုညီလေး**

## ၂၀၂၀ ခုနှစ် Insolvency Law အရ
## PHOENIX HILL MINING (MYANMAR) COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152 နှင့် Insolvency Rules 9 နှင့် 15 (b) အရ)

၂၀၂၂ ခုနှစ်၊ သြဂုတ်လ (၂၅)ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်–

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်ကေခိုင်ခိုင်လင်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သောလုပ်ပိုင်ခွင့်များကို လွှဲအပ်ရန်၊

**Mr. Liu FuBao**
**Director**
**Phoenix Hill Mining (Myanmar) Co.,Ltd**

## ၂၀၂၀ ခုနှစ် Insolvency Law အရ
## ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း
## PHOENIX HILL MINING (MYANMAR) COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 201 နှင့် Insolvency Rules 87 အရ)

**PHOENIX HILL MINING (MYANMAR) COMPANY LIMITED** ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၆–၉–၂၀၂၂) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ပေးရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံ အထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ကေခိုင်ခိုင်လင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**တိုက် (၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊**
**တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**


## ဟိုတယ်အဆင့်မီ တိုက်နှင့်မြေကွက် အမြန်ရောင်းမည်။

၁။ပြင်ဦးလွင်၊အောင်ချမ်းသာ၊မန္တလေး–လားရှိုးလမ်းမကြီး မေးတင် (အတက်လမ်း) ပေ(၉၀'×၉၂')အာစီ နှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်၊ တည်းခိုခန်းဖွင့်ရန် အလွန်ကောင်း(အဆင့်မြင့်ပစ္စည်းစုံပါရှိပြီး)။

စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။သိန်း(၅၉၀၀)။

၂။ဇဟာန်းမြို့နယ်၊အနောက်ဈေးဟောင်းလမ်း၊ (၂၀'×၄၀')၊ဂရန်အမည်ပေါက် နှစ်ထပ်တိုက်(အိမ်ဆိုင်ဖွင့်ထား)

အရေးပေါ်ငွေလို၍ အမြန်ရောင်းမည်။သိန်း(၂၉၅၀)။

**ဆက်သွယ်ရန်ဖုန်း–၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၉၁၃၄၊ ၀၉၅၁၅၁၅၇၆၊ ၀၉၄၃၀၁၉၇၇၈။**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ (၁) မြေကွက်အမှတ် (ထ/၁၈၁)၊ ဧရိယာ(၀.၀၉၂ဧကေ)ရှိ နှစ် (၆၀)ဂရန်မြေကွက် (၂) မြေကွက်အမှတ် (ထ/၁၈၁/၁)၊ ဧရိယာ(၀.၀၉၂ဧကေ)ရှိ နှစ် (၆၀)ဂရန် မြေကွက်

ယင်းမြေကွက်တို့ပေါ်ရှိ အမှတ် (ထ/၁၈၁)နှင့် အမှတ်(ထ/၁၈၁/၁)၊ ရာဇာဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက် (၂) ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့ပြမြေယာဌာနတွင် ဦးရှိန်ဝင်း [၁၂/ဒဂန(နိုင်)၀၂၁၇၇၆]အမည်ဖြင့် မှတ်သားထားပါသည်။ ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ် အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားကြောင်း အဆိုပြုသူ ဦးစိုင်းလော(ဝ်)ခေး [၁၃/ကဟန(နိုင်)၀၂၉၀၂၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အိသီရိကြူ**
**LL.B.,M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း–၀၉–၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ကြည်စင်(၁၄/မအပ(နိုင်)၁၄၉၉၂၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၂၊၂၃(ကမာရွတ်)၊ ၂၆၊၂၈ (သမိုင်း) လူနေရပ်ကွက်အမှတ်– မင်းဓမ္မဥယျာဉ်အိမ်ရာစီမံကိန်းအပိုင်း(၃)၊ မြေကွက်အမှတ် (၈၃)၊ အကျယ်အဝန်း (၈၂ပေ× ၈၂ပေ)ရှိ **Myanmar Imperial Vega Co., Ltd.** အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမောင်မောင်ကြည်စင် (၁၄/မအပ(နိုင်)၁၄၉၉၂၇)နှင့် ဒေါ်စုမြတ်မွန်(၁၂/ကမရ(နိုင်) ၀၅၇၄၀၂) တို့(၂)ဦးအမည်ဖြင့် **Myanmar Imperial Vega Co., Ltd.** ထံမှ ဝယ်ယူထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်ကြည်စင်၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းကိစ္စဆောင်ရွက်ခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်း၊ တနည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဒေါ်လှသန်း (မုဒုံမြို့)
## အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၁၂၉၈) နေ (ဦးထွန်းအုံ-ဒေါ်လှရှင်) တို့၏သမီးကြီး၊ ဦးတင်ဦး-ဒေါ်အေးသစ်၊ ဦးမြင့်စိုး-ဒေါ်ခင်အေးမြင့်၊ ဦးအေးသွင်-ဒေါ်သန်းဝင်း တို့၏အစ်မ၊ ဒေါ်မြင့်မြင့်အေး (ဒုတိယညွှန်ကြားရေးမှူး၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးဇော်ဝင်း၊ ဦးဝင်းထိန် တို့၏ မွေးသမိခင်သည် ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့)နံနက် ၄:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၃၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘုရား အမှူးရှိသော သံဃာတော်ရှင်သူမြတ်များအား ရေစက်သွန်းချအမျှအတန်း ပေးဝေမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထားဝင်း
## စွန်းလွန်းဂူယောဂီဟောင်း
## အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၅၁/က) နေ (ဦးဘအောင်-ဒေါ်သန်း) တို့၏သမီး၊ (ဦးမောင်စိန်-ဒေါ်မှို) တို့၏သမီးချွေးမ၊ ဦးခင်သိန်း၏ဇနီး၊ ဒေါက်တာဝင်းရင်-ဒေါက်တာသီသီထွန်း၊ ဦးဇော်ဇော်အောင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မအေးမြမြခင်၏အဘွားသည် ၂၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီတွင် ၉၆ ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁:၃၀ နာရီထိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်နှင့် ယောဂီများအား ဆွမ်းအစရှိသည့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းရေစက်သွန်းချ အမျှအတန်းပေးဝေမည်ဖြစ်ပါကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်ကွာချူဟောင်
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ် (၁၉၀)၊ မြေညီထပ် နေ (ကွာချူရီ-အန်ဘွန်အိမ်း)တို့၏ သမီး၊ [ဦးမြင့်ရွှေ(ခ) လင်ဟုတ်ကြိုင်(ခ) တော်ဟုတ်ကြိုင်]၏ ဇနီး၊ ဒေါ်မြင့်မြင့်သန်း၊ ကိုသိန်းကျော်-ဒေါ်ကြည်ကြည်ဆွေ၊ ဦးအောင်ငွေး-ဒေါ်သန်းသန်း၊ ဒေါ်မြင့်မြင့်ငွေး-ဦးအောင်ထွန်း၊ ဦးရီမောင်(ခ)ဦးသန်းငွေ-ဒေါ်ဇင်ငွေးခိုင်၊ ဦးညွန့်စိန်-ဒေါ်တင်သူဇာကျော်၊ ဦးအုန်းနိုင်-ဒေါ်နီလာသန်း၊ ဦးအန်းကူ(ခ) ဦးအုန်းတင်-ဒေါ်သင်းသင်းယုတို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက်တို့၏ အဘွားသည် ၂၆-၈-၂၀၂၂ (သောကြာနေ့) ညနေ ၅:၃၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ထားထားမော်
## အထက (၄) မရမ်းကုန်း
## (Gas) ဓာတ်ငွေ့ ရောင်းဝယ်ရေး
## အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ ခရေရပ်ကွက်၊ (၆) ခန်းတွဲ တိုက် (၈)၊ အခန်း(၉)နေ (ဦးထွန်းရီ-ဒေါ်မြင့်မြင့်ရီ) တို့၏ သမီး၊ ဦးတင်မောင်ဦး-ဒေါ်တင်တင်အေး၊ ဦးတင်မောင်လတ်၊ ဦးဇော်ဝင်းထွန်း-ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးမော်တို့၏ ညီမ၊ ဦးအောင်အောင်၏ ဇနီး၊ ဗိုလ်မှူးကျော်သူရ-ဒေါ်ခိုင်ခိုင်ကြည်ဦး၊ ကိုထက်ပိုင်ဖြိုး၊ မသွယ်ဇင်ငြိမ်းတို့၏ မွေးသမိခင်၊ Pinky (ခ)ယွန်းနဒီလှိုင်၊ Kent (ခ) ကျော်ဇောရှိန် တို့၏အဘွားသည် ၂၅-၈-၂၀၂၂ရက် မွန်းလွဲ ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၃၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုဇာတ (ပညာ့ရံသီကျောင်း၊ အင်းစိန်)
## သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်
## (ပုလောမြို့၊ ပဝတ်ကုန်း၊ ကင်းအောင်ဇေယျ၊ ကျောက်ဖြူ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပညာ့ရံသီကျောင်းတိုက်၊ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တသုဇာတ မဟာထေရ်မြတ် သိက္ခာတော် (၇၂)ဝါ၊ သက်တော်(၉၂)နှစ်ရှိ သက်တော်ရှည် ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် (၁၃၈၄-ခုနှစ်၊ ဝါခေါင်လကွယ်နေ့) ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၄-ခုနှစ်၊ တော်သလင်းလဆန်း-၄ရက်)၊ ၂၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

**တပည့် ဦးဣန္ဒာဝရ နှင့်**
**ဈာပနကျင်းပရေးကော်မတီ**

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်သိန်း(ခ)မရ်ယမ် (လားရှိုး)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၃)လမ်း၊ အမှတ်(၆)နေ [ဦးထွန်းစိန်-ဒေါ်ရင်(ကသာ)]တို့၏ သမီး၊ ဦးကိုမောင် (ဆ.သ.ရ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးတင်မောင်-ဒေါ်နုနုရီတို့၏ ညီမ၊ ဦးတင်ရွှေ-ဒေါ်တင်တင်အေးတို့၏ အစ်မ၊ ဦးအောင်မြင့်သိန်း (ဆ.သ.ရ-ကျောက်မဲ)-ဒေါ်ထွေးထွေးမြိုင် (ကျန်းမာရေးဦးစီးဌာန-ကျောက်မဲ)၊ ဟာဂျီဦးရန်နိုင် (တရားလွှတ်တော်ရှေ့နေ) - ဟာဂျီမဒေါ်ဝေဝေသိန်း(ဆ.သ.ရ-ငြိမ်း)၊ ဦးတိုးဝင်းသန်း-ဒေါ်အေးအေးသိန်း (ဆ.သ.ရ-ငြိမ်း)၊ ဒေါ်အိအိသိန်း (လားရှိုး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ထက်ဇော်လင်း၊ မောင်စံလင်းဖြိုး၊ မောင်လင်းထွေးအောင်၊ မောင်ဟိန်းထက်အောင်၊ မောင်မင်းသီဟအောင်၊ မယမင်းထွေးအောင်တို့၏ အဘွားသည် ၂၆-၈-၂၀၂၂ရက် နံနက် ၇:၃၀ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့်မှီ(ခ)Ivy Tun Hmi
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘိုးရာဇာလမ်း၊ အမှတ်(၁၃)နေ (ဦးထွန်းမှီ-ဒေါ်ရီရီ)တို့၏သမီး၊ (ဒုဗိုလ်မှူးကြီးခင်မောင်လတ်)၏ဇနီး၊ ဦးဟန်ဇော်-ဒေါ်သွင်သွင်အေးမှီတို့၏ အစ်မ၊ ဦးမိုးအောင်ချော-ဒေါက်တာယုအေးလတ်၊ ဒေါက်တာမိုးအေးလတ်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာဆုမြတ်မိုးအောင်၊ မရွှန်းလက်မိုးအောင်တို့၏ အဘွား ဒေါ်အေးအေးမြင့်မှီသည် ၂၆-၈-၂၀၂၂ (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ (စနေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၂၂ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပြင်ပ**
**အလင်းရောင်ကို**
**အသုံးချပါ၊**
**မလိုအပ်သော**
**အိမ်တွင်း**
**လျှပ်စစ်မီးများကို**
**လျှော့သုံးပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမြင့်မှီ(ခ)Ivy Tun Hmi
## အသက် (၈၁) နှစ်

သူငယ်ချင်း မိုးအောင်ချောနှင့် ဒေါက်တာယုအေးလတ်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်အေးအေးမြင့်မှီသည် ၂၆-၈-၂၀၂၂ ရက်နေ့ (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၇ )မှသူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ မြေကွက်အမှတ်(၃၀)၊ ဧရိယာ (၀.၁၄၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် Myanmar Imperial Vega Co.,Ltd မှ အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံပါသဖြင့် Myanmar Imperial Vega Co.,Ltd ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်လွဲလွဲသိန်း[၁၂/မရက(နိုင်)၀၀၄၄၃၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်အိသီရိကြူ**
**LL.B, M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃)**
**ဖုန်း-၀၉-၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ ရွှေမိုးကောင်းကွန်ဒို၏ တိုက်(G)၊ အခန်းအမှတ် (၉၀၂) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ဦးစိုးသီဟ [၁၂/ရကန(နိုင်)၀၀၂၁၆၅]နှင့် ဒေါ်ရတနာမိုး[၁၂/ဗတထ(နိုင်)၀၀၁၉၄၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**ဖုန်း-၀၉-၄၃၁၆၃၄၀၅**
**အမှတ် (၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ (၁)လမ်း၊ မြေကွက်အမှတ်(၄၆)ဟုခေါ်တွင်သော(၃)ထပ်တိုက် အဆောက်အဦ၏ (ပထမထပ်) အကျယ်အဝန်း(၁၈x၅၀)ပေရှိ တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ရီရီမြင့်[၈/မလန(နိုင်)၀၀၃၂၉၄]ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)**
**အမှတ်(၈၅၄)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ရူပါရုံလမ်း၊ မြေကွက်အမှတ်(၁၃)ဟုခေါ်တွင်သော ၂ ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦ၏ ဒါဘာထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၃x၆၀)ပေရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှိုင်ထွဋ်[၁၂/ကမရ(နိုင်)၀၀၄၆၆၀] ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ ထို နေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)**
**အမှတ်(၈၅၄)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ကိုအောင်သီဟB.A(BM)
## အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၂) D(1)၊ စိမ်းလဲ့ရိပ်သာ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ [ဦးစံသင်းလှ(လ/ထ ကထိက)]-ဒေါ်ခင်ရီတို့၏ ချစ်လှစွာသောသားကြီး၊ ဒေါက်တာအောင်မျိုးသူ(ရောဂါဗေဒပါရဂူ)-မလှမျိုး သဥ္ဇာနွယ် (ရွှေပိုးတိုက်ပုံ၊ ရွှေပိုးကေရီပိုးထည်တိုက်)၊ ကိုရဲသီဟ (မန်နေဂျာ၊ ရွှေပိုးတိုက်ပုံ)၊ ကိုစိုးသီဟ (သရုပ်ဆောင်)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မောင်လင်းဘုန်းပြည့်၊ မခင်ဘုန်းပြည့်၊ မရွှေဝတ်မှုန်ဖူးတို့၏ ချစ်လှစွာသောဖခင်၊ မသွန်းဘရဏီနွယ်၏ဘဘကြီး ကိုအောင်သီဟသည် ၂၆-၈-၂၀၂၂ရက် ညနေ ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် (၁၂)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၂၂ (ကြာသပတေးနေ့)တွင် တက္ကသိုလ်ရိပ်သာလမ်းသစ် နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ် (၁၁၆၀)၏ မြေအကျယ်အဝန်း(၄၅x၆၀)ပေရှိ ဦးဘူမောင် (AH-၀၀၃၅၄၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဒေါ်ရီရီမြင့် [၁၂/ဥကတ(နိုင်)၁၀၃၂၄၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၉၅၅၃၂၄၀၆၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၇၅၁၂၄၁**

**ညအချိန် အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး


(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြိုးကြာအင်း ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၀၈၇ ဧကရှိသော နယ်မြေကို "ကြိုးကြာအင်းကြိုးပြင်ကာကွယ်တော"အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၉/၂၀၂၂)အရ ၁၃၈၄ ခုနှစ်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✪



## ပြည်သူလူထုထံ အသိပေးချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

စက်သုံးဆီတင်သွင်းသူများသို့ နိုင်ငံခြားငွေကြေး လွယ်ကူစွာရရှိနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်များနှင့် စက်သုံးဆီလုပ်ငန်းရှင်ကြီးများ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်စီးပွားရေးကို အဓိကထိန်းကျောင်းပံ့ပိုးပေးနေသော အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ထိန်းညှိဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားငွေဈေးနှုန်း ဆွဲတင်နေမှုများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံခြားငွေများ တရားမဝင်ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကိုလည်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဆောက်သမ်တန်ကို အနိုင်ရပြီး ပရီမီယာလိဂ်အဝေးကွင်း ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု မန်ယူ အဆုံးသတ်နိုင်ခဲ့

ဆောက်သမ်တန်အသင်းရဲ့ အိမ်ကွင်းစိန့်မေရီမှာ ယနေ့ညအစောပိုင်းယှဉ်ပြိုင်ကစားခဲ့တဲ့ ဆောက်သမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၄)မှာ မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်ယူအသင်းဟာ ပရီမီယာလိဂ်အဝေးကွင်းခုနစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းဟာ ပွဲထွက်ကစားသမားစာရင်းမှာ အသင်းခေါင်းဆောင် မက်ဂွိုင်းယားနဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ကို ချန်လှပ်ထားခဲ့သလို

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❍



ဆောက်သမ်တန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

## နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၂ ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများအနက် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၃ နာရီနှင့် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၃ နာရီတို့တွင် ကျင်းပမည့် အကြိုဗိုလ်လုပွဲစဉ်များကို MRTV Sports Channel တွင် လည်းကောင်း၊ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီတွင် ကျင်းပမည့် ဗိုလ်လုပွဲစဉ်ကို MRTV HD နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့တွင် လည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်